ခန္တီ စ တော် မင်္ဂလ မုတ္တမံ၊ သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၁ ရက်၊ စနေနေ့၊ အတွဲ(၄၁)၊ အမှတ်(၂၁၁)


**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပြဋ္ဌာန်း**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/ ၂၀၀၄ ဖြင့် ထုတ်ပြန်သော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို စာမျက်နှာ ၁၀၊ ၁၁နှင့် ၁၂ တို့တွင် ဖော်ပြထားပါသည်။

## အလုပ်သမားထုကြီးအပါအဝင်တိုင်းရင်းသားပြည်သူတစ်ရပ်လုံးစည်းလုံးညီညွတ်သောကြိုးပမ်းမှုကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းသာယာဖြိုးအရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်လျက်ရှိ ခေတ်မှီဖွံ့ဖြိုးသောနိုင်ငံတော်ကြီးပေါ်ထွန်းလာစေရေး အမျိုးသားရေးဦးတည်ချက်များချမှတ်

# ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ၂၀၀၄ ခုနှစ် အလုပ်သမားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၁

**ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ၂၀၀၄ ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။**

လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား-

၂၀၀၄ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူ နိုင်ငံသားအပေါင်း၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးတို့အတွက် မိမိတို့၏ ကာယအား၊ ဉာဏအားတို့ဖြင့် စိုက်ထုတ်ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသော အလုပ်သမားကြီးများအားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်သော စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အလုပ်သမားထုကြီးကလည်း ထက်မြက်သော စွမ်းပကားဖြင့် အမျိုးသားရေးတာဝန်ကျေပွန်စွာ တစ်တပ်တစ်အား ပါဝင်စွမ်းဆောင်လျက်ရှိ နေပါသည်။ **စာမျက်နှာ ၃ ကော်လံ ၁** ☆

## လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှုသိသိသာသာတိုးတက်ရေး ခေတ်မီလယ်ယာလုပ်ကွက်ကြီးများပေါ်ထွန်းလာရန်လို တိုင်းရင်းသားလုပ်ငန်းရှင်များ နိုင်ငံတော်၏စီးပွားရေးအင်အားစုအသစ်များအဖြစ် လယ်ယာကဏ္ဍ၌ရင်းနှီးမြှုပ်နှံ စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းရေး ကုမ္ပဏီအလိုက်သီးနှံသုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းပူးတွဲဆောင်ရွက်

**ရန်ကုန် ဧပြီ ၃၀**

ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ **စာမျက်နှာ ၈ ကော်လံ ၁** ✡

# ၂၀၀၄ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

(၂၀၀၄ ခုနှစ်၊ မေလ ၁ ရက်)

# ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ စေတနာထား အပင်ပန်းခံ ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရန် အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ထိုသို့ကြိုးပမ်းတည်ဆောက်ရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပြည်နယ်နှင့် တိုင်းများတွင် လိုအပ်သည့်ဒေသများ၌ ဖွံ့ဖြိုးရေးဒေသကြီးများ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိသည်။ ဖွံ့ဖြိုးတိုးတက်မှုတွင် ကျေးလက်ဒေသများလည်း မကျန်ရှိရလေအောင် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကိုလည်း ချမှတ်အကောင်အထည်ဖော်ပေးလျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာ၌ နိုင်ငံတော်အပိုင်းက တာဝန်ယူလုပ်ဆောင်ပေးရမည့် လုပ်ငန်းကြီးများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ကချင်ပြည်နယ်တွင် ဗလမင်းထင်တံတား၊ ဆေးရုံများနှင့် တက္ကသိုလ်၊ ကောလိပ်များအပြင် ဗန်းမော်နှင့် မိုးညှင်းဒေသများကို ဖွံ့ဖြိုးရေးဒေသကြီးများအဖြစ် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ဧပြီလ ၂၆ ရက်နေ့ နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် အသင်းအဖွဲ့ဝင်များအား တွေ့ဆုံမှာကြားခဲ့သည်။

ထိုသို့တွေ့ဆုံရာ၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင်-

**"မိမိတို့ နိုင်ငံတော်သည် စိုက်ပျိုးရေးကိုအခြေခံပြီး စက်မှုနိုင်ငံအဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ မိမိဒေသ ဝမ်းစာဖူလုံရေးအတွက် နွေစပါး၊ မိုးစပါး စိုက်ပျိုးကြရမည့်အပြင် ဆောင်းသီးနှံများ၊ ဆီထွက်သီးနှံများ၊ နှစ်ရှည်ပင်များ၊ ဒေသနှင့်ကိုက်ညီမည့် သီးနှံပင်များကို စိုက်ပျိုးကြရန်လိုကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်၌ မြစ်ကြီးနား-ပူတာအိုလမ်း၊ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်း-ရွှေဘိုလမ်း၊ ဖားကန့်-မိုးကောင်းလမ်း၊ မြစ်ကြီးနား-ဗန်းမော်-ငါးအို့-မန္တလေးလမ်းများ တိုးတက်ကောင်းမွန်ရန် အရှိန်အဟုန်ဖြင့်ဖောက်လုပ်ခြင်း၊ ပြုပြင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း"**

ပြောကြားခဲ့သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် တာဝန်ရှိသူများလိုက်ပါလျက် ဗန်းမော်-မြစ်ကြီးနားလမ်း၏ (ဝိုင်းမော်-မြို့သစ်)လမ်းပိုင်းရှိ လမ်းနှင့်တံတားများကို ကြည့်ရှုစစ်ဆေးရန် ဝိုင်းမော်မြို့သာဂရရပ်ကွက်အနီးရှိ ဂျပ်မင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင်နှင့် မန္တလေး-ဗန်းမော်-မြစ်ကြီးနားလမ်းဖောက်လုပ်ရေးစီမံကိန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး နေ့ချင်းရောက်သွားလာနိုင်သည်အထိ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရေးမှာကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အောင်မြေ(၁) တံတားတည်ဆောက်မှုလုပ်ငန်း၊ မိုင်တိုင်အမှတ် ၄၅၄ မိုင် လေးဖာလုံနှင့် ၄၅၅ မိုင်အကြားရှိ တံတားအမှတ်(၃) တည်ဆောက်ရေးနှင့် မြေကြီးလုပ်ငန်းများဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ဆောက်လုပ်ခဲ့ပြီး မေ ၁၄ ရက်တွင် ဆောက်လုပ်ပြီးစီးကာ ဩဂုတ် ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့သည့် မလိယန်တံတားကို ကြည့်ရှုစစ်ဆေးပြီး တံတားကြံ့ခိုင်မှုနှင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယင်းနောက် ကန်တော်ယန်ကျေးရွာအနီး၌ မူလကဖောက်လုပ်ခဲ့သော လမ်းသည် အတက်အဆင်းမြင့်မားမှုကြောင့် အတက်အဆင်းပြေပြစ်စွာ အသစ်ဖောက်လုပ်ခဲ့သောလမ်းကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရသည့် ဌာနဆိုင်ရာ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြရာတွင် စေတနာထား အပင်ပန်းခံ၍ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ လက်တွဲဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# လားရှိုးမြို့နယ်ကုန်းမြင့်ယာမြေတစ်ဧကလျှင်၁၀၀၀မျိုးစေ့ထုတ်ဇုန် ရေကန်အသစ်နှင့်သီးနှံစိုက်ခင်း တိုင်းမှူးကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

**ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၆ ရက်နံနက်ပိုင်းက လားရှိုးမြို့အဝင် ဉာဏ်တော် ၁၃၅ ပေရှိ လိုဏ်စနစ်ဖြင့် တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင်ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်၍ သာသနာ့ဗိမာန်အတွင်း ယာယီကိန်းဝပ်စံပယ်တော်မူနေသည့် ဉာဏ်တော် ၆၃ လက်မရှိ ဗုဒ္ဓရုပ်ပွားကြေးဆင်းတုတော်များနှင့် မြို့ဦးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်တို့ကို ဖူးမြော်ကြည်ညိုသည်။**

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဝိဇယ မဟာအောင်မြေကုန်းတော်သို့ရောက်ရှိပြီး စေတီတော်တည်ဆောက်ရေး အုတ်မြစ်စီလုပ်ငန်း ဆောင်ရွက်နေမှုနှင့် မဟာဗောဓိပင်စိုက်ပျိုး ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားပြီးနောက် သာသနာအေးကျောင်းတိုက်အနီးရှိ မုစလိန္ဒာနဂါးရုံဘုရားအား သွားရောက် ဖူးမြော်ကြည်ညိုသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့သည် သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ရေပူစမ်းကျေးရွာရှိ ဆင်းရွှေလီ အထူးအထွက်တိုး (အက်ဖ်-ဝမ်း)မျိုးစေ့ထုတ်နွေစပါးစံပြ ၁၂ ဧက စိုက်ခင်းသို့ သွားရောက်၍ စိုက်ခင်းအတွင်း ဒေသခံတောင်သူများက ဝတ်မှုန်ကူးခြင်း လက်တွေ့ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုအားပေးကာ တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြိုတင်စီစဉ်

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးမြို့အဝင် တန့်ယန်းလမ်းခွဲအနီးရှိ ကုန်းမြင့် ၂ ဧက ၁၀၀၀ စိုက်ပျိုးမြေဖော်ထုတ်ရေး စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး တာဝန်ရှိသူများအား လာမည့် မိုးရာသီအတွင်း စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး ကြိုတင် စီစဉ်ဆောင်ရွက်ထားရန် မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် လားရှိုးမြို့အဝင် မုစလိန္ဒာနဂါးရုံဘုရားသို့ ချဉ်းကပ် ကားလမ်းအသစ် တိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေး၍ လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### စဉ်ဆက်မပြတ်စိုက်ပျိုး

ထို့မှတစ်ဆင့် တိုင်းမှူးသည် ကုန်မြင့်ယာမြေ တစ်ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ ရေကန်အသစ်တူးဖော်နေမှုနှင့် သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုင်းမှူးက သီးပင်စားပင် ဟင်းသီးဟင်းရွက်များ စဉ်ဆက်မပြတ် စိုက်ပျိုးရေးတာဝန်ရှိသူများအား မှာကြားသည်။

**(သတင်းစဉ်)**

# စွယ်တော်မြတ်စေတီတော်(ရန်ကုန်)ညောင်ရေသွန်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ၌ တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတု စေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တွင် ဂေါပကအဖွဲ့ကကြီးမှူး၍ ဆဋ္ဌမအကြိမ်ညောင်ရေသွန်းပွဲတော်အခမ်းအနားကို ၁၃၆၆ခုနှစ် ကဆုန်လပြည့်(တနင်္လာနေ့)မေ၃ရက် နံနက်၉နာရီတွင် စွယ်တော်မြတ် စေတီတော်တောင်ဘက်ရှိ မဟာဗောဓိပင်၌ ကျင်းပမည်ဖြစ်သည်။

ညောင်ရေသွန်းလောင်းလိုကြသော ရဟန်းရှင်လူ ပြည်သူများသည် စွယ်တော်မြတ်စေတီတော် မဟာဗောဓိပင်၌ ညောင်ရေများသွန်းလောင်းနိုင်ရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဧပြီ ၂၉ ရက်က မီးသတ်တပ်ဖွဲ့ ကျင့်ဝတ်စာမေးပွဲ ဗဟိုအဆင့် ယှဉ်ပြိုင်ဖြေဆိုကြရာ အရာရှိအဆင့်၊ အကြပ်အဆင့်၊ အခြားအဆင့် ယှဉ်ပြိုင်ဖြေဆိုသည့်နေရာများသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ လိုက်လံကြည့်ရှုစစ်ဆေးစဉ်။** (သတင်းဖော်ပြပြီး)

(မီးသတ်ဦးစီး)

# အိမ်တော်ရာစေတီတော် ကဆုန်ညောင်ရေသွန်းလောင်းပွဲကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်တိုင်း ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဓမ္မရုံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ တတိယအကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပွဲအား စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ရင်ပြင်တော် အင်္ဂါထောင့်ရှိ ဗောဓိညောင်ပင်ကြီး၌ ကျင်းပသွားမည်ဖြစ်သည်။ အစီအစဉ်အရ မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက် ၅ နာရီအချိန်တွင် ဗောဓိညောင်ပင်ကြီး၌ ဗုဒ္ဓရုပ်ပွားတော်အား ဩဝါဒါစရိယ ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်မည်ဖြစ်ပြီး ၎င်းနောက် ဆရာတော်ကြီးများက ဦးဆောင်၍ စတင်ညောင်ရေသွန်းလောင်းကြမည်ဖြစ်သည်။ ၎င်းအပြင် ဘုရားဖူးလာ ပြည်သူများအနေဖြင့်လည်း မည်သူမဆို လာရောက်ကုသိုလ်ယူ သွန်းလောင်းနိုင်ရန် ဂေါပကအဖွဲ့မှ စီစဉ်ပေးထားကြောင်းနှင့် အချိုရည်များတိုက်ကျွေးရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

# အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ကြီးဖြစ်ထွန်းရေး နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်အောင်တက်ညီလက်ညီကြိုးပမ်းဆောင်ရွက်

✢ ရှေ့ဖုံးမှ

## တစ်မျိုးသားလုံးဂုဏ်ယူဖွယ်ဖြစ်

ဤကဲ့သို့ အလုပ်သမားထုကြီးအပါအဝင် မြန်မာနိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများအားလုံး၏ စည်းလုံးညီညွတ်သော ကြိုးပမ်းစွမ်းဆောင်မှုများကြောင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မှန်ကန်သော အမျိုးသားရေးမူဝါဒများ၊ မွန်မြတ်သန့်စင်သော အမျိုးသားရေးဦးတည်ချက်များ အကောင်အထည်ပေါ် ဖြစ်ထွန်းလျက် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တည်ငြိမ်အေးချမ်းသာယာပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ပင်ဖြစ်ပါသည်။

## ဟန်ချက်ညီညီပေါင်းစပ်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်မှုအခြေခံသော လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းလာစေရေးနှင့် ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးသောနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတော်ကဏ္ဍနှင့် တိုင်းရင်းသားပုဂ္ဂလိကလုပ်ငန်းများကဏ္ဍတို့ ဟန်ချက်ညီညီ ပေါင်းစပ်လျက် အားထုတ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် ဝန်ဆောင်မှုကဏ္ဍတွင်လည်း ယနေ့နိုင်ငံတကာတွင် တိုးတက်ဖြစ်ထွန်းနေသော သတင်းနှင့် ဆက်သွယ်ရေးနည်းပညာအခြေခံသည့် ခေတ်မီဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိပါသည်။

## အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုး

သို့ဖြစ်သည်နှင့်အညီ ယနေ့အချိန်အခါတွင် နိုင်ငံတော်အစိုးရ၏ ဦးဆောင်ဦးရွက်ပြု အားပေးထောက်ကူမှု၊ နိုင်ငံတော်ပိုင်ကဏ္ဍနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ပုဂ္ဂလိကပိုင်ကဏ္ဍတို့ စနစ်တကျ ပေါင်းစပ်ကြိုးပမ်းဆောင်ရွက်မှု၊ ကာယဉာဏအလုပ်သမားကြီးများ၏ အမျိုးသားရေးအကျိုးစီးပွား ရှေးရှုအားထုတ် ကြိုးပမ်းမှုများ ပေါင်းဆုံလျက် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် အမျိုးသားရေးမျှော်မှန်းချက်များနှင့်အညီ အရှိန် အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီဖြစ်ပါသည်။

ယခုဆိုလျှင် နိုင်ငံနှင့်အဝန်း ခေတ်မီစက်ရုံအလုပ်ရုံကြီးများ၊ စက်မှုနယ်မြေများနှင့် စက်မှုဇုန်များ၊ နိုင်ငံတကာ အဆင့်မီရုံးဌာနများ၊ စီးပွားရေးဗဟိုဌာနများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလျက်ရှိနေပြီဖြစ်သည်နှင့်လျော်ညီစွာ အလုပ်သမားကြီးများမှာလည်း နိုင်ငံတကာအဆင့်မီ ကုန်ထုတ် နည်းပညာများနှင့် ဝန်ဆောင်မှုနည်းစနစ်များ၊ ခေတ်မီကုန်ထုတ် စက်ပစ္စည်းကိရိယာများ၊ ခေတ်မီအီလက်ထရွန်နစ် ရုံးသုံးကိရိယာများကို အသုံးပြုနိုင်နေပြီဖြစ်ပါသည်။

## ခံစားခွင့်များရရှိ

ဤကဲ့သို့ အမိနိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လျက် နိုင်ငံတကာအဆင့်မီ ကုန်ထုတ်လုပ်ငန်းကြီးများ၊ ဝန်ဆောင်မှုလုပ်ငန်းကြီးများ ပေါ်ထွန်းလာသည်နှင့်အမျှ အလုပ်သမားကြီးများမှာလည်း ရေမြင့်လျှင်ကြာတင့်ဆိုသကဲ့သို့ သင့်လျော်သည့် လုပ်ခလစာများ၊ အလုပ်သမားများ၏ ခံစားခွင့်များနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ထိုက်ထိုက်တန်တန် ရရှိခံစားနိုင်နေပြီဖြစ်ပါသည်။

ယင်းသို့သော အခြေအနေ အချိန်အခါကောင်းတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အလုပ်သမားကြီးများ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါလှသည့် အခန်းကဏ္ဍကို အသိအမှတ်ပြုပြီး အလုပ်သမားကြီးများ၏ လုပ်ငန်းခွင်သာယာရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ အချိန်အခါနှင့်လျော်ညီစွာ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေရေး စသည့် အလုပ်သမားများ၏ ခံစားခွင့်များနှင့် အခွင့်အလမ်းများ ပိုမိုတိုးတက်မြင့်မား ခိုင်မာလာစေရန် အလေးထားကာကွယ်စောင့်ရှောက် မြှင့်တင်ပေးလျက်ရှိသည်ကို အလုပ်သမားကြီးများကိုယ်တိုင် သိမြင်ခံစားရလျက်ရှိနေပြီဖြစ်ပါသည်။

**လေးစားအပ်သောအလုပ်သမားကြီးများခင်ဗျား–**

ယခုကဲ့သို့ နိုင်ငံတော်အစိုးရနှင့် အလုပ်သမားကြီးများအပါအဝင် ပြည်သူတစ်ရပ်လုံး ကြည်ဖြူစွာ လက်တွဲပူးပေါင်း ကြိုးပမ်းအားထုတ်မှုများကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အေးချမ်းသာယာဝပြောလျက် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသော မင်္ဂလာအခါသမယတွင် အလုပ်သမားကြီးများအားလုံးက စုစည်းညီညွတ်သည့် အမျိုးသားရေးစွမ်းအားစုကြီးတစ်ရပ်အဖြစ် ခိုင်မာစွာရပ်တည်ပြီး တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးကြိုးပမ်းအားထုတ်မှုများတွင် တစ်မျိုးသားလုံးနှင့် တပေါင်းတစည်းတည်း ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါသည်။

## ဝင်ရောက်စွက်ဖက်လှုပ်ရှား

ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအကျိုးမလိုလားသည့် မသမာသူ အဖျက်အုပ်စုတစ်စုသည် အလုပ်သမားအရေးခြုံ အမည်ခံအဖွဲ့အစည်းများဖွဲ့စည်းလျက် မွန်မြတ်သန့်စင်သည့် အလုပ်သမားထုကြီး၏ ဂုဏ်ဒြပ်ကို ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် မတော်မတရားအသုံးချပြီး အလုပ်သမားအခွင့်အရေး ဗန်းပြလျက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများတွင် ဝင်ရောက်စွက်ဖက်လှုပ်ရှားနေမှုများရှိနေသည်ကို တွေ့ကြရမည်ဖြစ်ပါသည်။

အဆိုပါ အလုပ်သမားအရေးခြုံ အမည်ခံအဖွဲ့အစည်းများသည် အခြားသော အဖျက်အမှောင့် အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ တိုးတက်ဖြစ်ထွန်းမှုများ နှောင့်နှေးစေရန်၊ မြန်မာနိုင်ငံတော်၏ အကျိုးစီးပွား ဆုတ်ယုတ်ပျက်ပြားစေရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားလုပ်ဆောင်နေကြသဖြင့် မြန်မာအလုပ်သမားများအကြား အလုပ်လက်လွတ်ဆုံးရှုံးမှုများ၊ အလုပ်အကိုင် အခွင့်အလမ်းပျက်ပြားမှုများ၊ စီးပွားရေး၊ လူမှုရေးနစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်လည်းရှိပါသည်။

## တိုင်းရင်းသားစည်းလုံးမှုပျက်ပြားအောင်ဖန်တီး

ထို့အပြင် အလုပ်သမားကြီးများအပါအဝင် တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို သပ်လျှိုဖြိုခွဲနိုင်ရန် မဟုတ်မမှန်သော လုပ်ကြံစွပ်စွဲချက်များဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင် ဖန်တီးလုပ်ဆောင်လျက်လည်း ရှိပါသည်။

မြန်မာနိုင်ငံသူနိုင်ငံသား အလုပ်သမားကြီးများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကိုလိုနီနယ်ချဲ့လက်အောက်၌ ကျရောက်ခဲ့ရစဉ်က ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်ချုပ်ချယ်မှု၊ အစီအစဉ်တကျ သွေးခွဲသပ်လျှိုမှု၊ စီးပွားရေးအရ သွေးစုပ်ခြယ်လှယ်မှုတို့ကို ခါးစည်းခံစားရင်း အလုပ်သမား၊ လယ်သမားများနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ကာ မြန်မာ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သည့် ကောင်းမြတ်သည့် သမိုင်းအစဉ်အလာရှိထားပြီးဖြစ်ပါသည်။

## သွေးခွဲသပ်လျှိုမှုတွန်းလှန်

သို့ဖြစ်၍ အလုပ်သမားကြီးများအနေဖြင့် နယ်ချဲ့ဆန့်ကျင်ရေး အစဉ်အလာကောင်းများ၊ အလုပ်သမား၊ လယ်သမား၊ တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်မှု ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် သမိုင်းအစဉ်အလာကောင်းများနှင့်အညီ မသမာသူ အဖျက်သမားများနှင့်တကွ တိုင်းတစ်ပါး၏ စွက်ဖက်နှောင့်ယှက်မှု၊ သွေးခွဲသပ်လျှိုမှုတို့ကို ကြံ့ကြံ့ခံတွန်းလှန်သွားကြရန် တိုက်တွန်းလိုပါသည်။

ထို့အပြင် သမိုင်းဖြစ်စဉ်အဆင့်ဆင့်တွင် အကြိမ်ကြိမ် မှတ်ကျောက်တင်ခံနိုင်ခဲ့သည့် မြန်မာအလုပ်သမားထုကြီး၏ သူ့ကျွန်မခံစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို ပိုမိုတိုးပွားခိုင်မာစေလျက် စည်းလုံးညီညွတ်သော အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ဆက်လက်ရပ်တည်သွားကြရန်လည်း တစ်ဆက်တည်း တိုက်တွန်းလိုပါသည်။

**လေးစားအပ်သောအလုပ်သမားကြီးများခင်ဗျား–**

ယနေ့အချိန်အခါတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အလုပ်သမားအခွင့်အရေးများနှင့်တကွ နိုင်ငံသူနိုင်ငံသားအခွင့်အရေးများ ခိုင်ခိုင်မာမာဖြစ်ထွန်းစေရေး၊ လောကပါလတရားနှစ်ပါးနှင့် တရားမျှတမှုကို အခြေခံသော ညီညွတ်မျှတသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ဖြစ်ပေါ်လာစေရေးတို့အပြင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဆိုသည့် အမျိုးသားရေးမူဝါဒများကို ကမ္ဘာတည်သရွေ့ ထိန်းသိမ်းမြှင့်တင် ပေးနိုင်စေရေးအတွက် တည်ငြိမ်ခိုင်မာသည့် အခြေခံကောင်းများကို တည်ဆောက်ပေးမည့် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

## ဆုံးဖြတ်နိုင်သည့်အခွင့်အရေးရှိ

နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီးကို မကြာမီ ကျင်းပတော့မည်ဖြစ်ရာ အလုပ်သမားထုကြီး၏ ကိုယ်စားလှယ်များသည်လည်း အစုအဖွဲ့တစ်ရပ်အဖြစ် ပါဝင်တက်ရောက် ဆွေးနွေးဆုံးဖြတ်နိုင်သည့် အခွင့်အရေးများ ရရှိထားပြီးဖြစ်ပါသည်။

## တက်ညီလက်ညီကြိုးပမ်း

သို့ဖြစ်၍ အလုပ်သမားထုကြီးကလည်း မိမိတို့၏ ကောင်းမြတ်သော သမိုင်းအစဉ်အလာများနှင့်အညီ အခြားသော အမျိုးသားရေးစွမ်းအားစုများနှင့် ညီညီညွတ်ညွတ် လက်တွဲလျက် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးမှအစပြု၍ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

ဤကဲ့သို့ အမျိုးသားရေးအတွက် အလွန်အရေးပါလှသော အချိန်အခါသမယတွင် အလုပ်သမားကြီးများအားလုံးက စည်းလုံးညီညွတ်စွာဖြင့်–

- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အမြန်ဆုံးပေါ်ထွန်းလာရေးအတွက် သော်လည်းကောင်း၊**
- **အမျိုးသားစီးပွားရေးဘဝ တိုးတက်စည်ပင် ခိုင်မာတောင့်တင်းရေးအတွက်သော်လည်းကောင်း၊**
- **နိုင်ငံသူ နိုင်ငံသားများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက်သော်လည်းကောင်း၊**
- **ပြည်ထောင်စုကြီး စုစည်းခိုင်မာစွာ အစွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက်သော်လည်းကောင်း**

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ စည်းစည်းလုံးလုံး တက်တက်ကြွကြွ ဝီရိယအား အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်း အားထုတ်ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၁-၅-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ အဘိဓေအဂ္ဂမဟာ သဒ္ဓမ္မဇောတိကတောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ စားကြမယ်ဟော့ကောင်းကောင်း
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ဘော်ဘင်ရေလှောင်တမံ
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Happy and Educational English Summer Course MRTV
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၃:၂၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နက်ရှိုင်းမေတ္တာ"** (အပိုင်း-၃၇)
- ၁၃:၅၅ ၇။ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေး ဂုဏ်ပြုအစီအစဉ်(၃)
- ၁၄:၀၀ ၈။ **"တန်ဖိုးထဲကလူ"** (ဇော်ဦး၊ ညီညီတာ၊ မြင့်မြင့်ခိုင်၊ မြသဥ္ဇာလီ) (ဒါရိုက်တာ-သက်တင်)
- ၁၄:၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၄:၄၅ ၁၀။ International News
- ၁၅:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for everyday Use
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရက္ခဗေဒ အထူးပြုများ) (သင်္ချာ)
- ၁၇:၁၅ ၆။ အကပဒေသာ
- ၁၇:၃၀ ၇။ နားဝင်ပီယံသူ့လက်သံ
- ၁၇:၄၀ ၈။ တေးဂီတအစီအစဉ်
- ၁၇:၅၀ ၉။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၈:၁၅ ၁၀။ စားကြမယ်ဟော့ ကောင်းကောင်း
- ၁၈:၃၀ ၁၁။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၃။ Discovery
- ၁၉:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းပွင့်"** (အပိုင်း-၇)
- ၁၉:၄၅ ၁၅။ တေးဂီတအစီအစဉ်
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ မြန်မာဗီဒီယိုဇာတ်လမ်း **"နှယ်လိုတွယ်သောကြိုး"** (အပိုင်း-၁) (လွင်မိုး၊ နန္ဒာလှိုင်) [ဒါရိုက်တာကိုဇော် (အရဏ်ဦး)]
- ၂၀။ နောက်တစ်နေ့အစီအစဉ်
- ၂၁။ အစီအစဉ်ပြီး၏။

# ကွတ်မြို့အနီး ယူကရိန်းကင်းလှည့်တပ်ဖွဲ့ တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

ကိယ့်ဗ် ဧပြီ ၂၉

**အီရတ်နိုင်ငံ ကွတ်မြို့အနီးတွင် ကင်းလှည့်တပ်ဖွဲ့ကို ဗုဒ္ဓဟူးနေ့၌ ပြောက်ကျားများက တိုက်ခိုက်ခဲ့ရာတွင် ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာရကြောင်း ယူကရိန်းကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။**

ကင်းလှည့်တပ်ဖွဲ့သည် ကွတ်မြို့တောင်ဘက် မိုင် ၄၀ ခန့်၌ ပြောက်ကျားတို့၏ တိုက်ခိုက်ခြင်းခံခဲ့ရပြီး အမေရိကန်ရဟတ်ယာဉ်နှစ်စင်း အထောက်အကူရပြီးနောက်မှဆုတ်ခွာခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

**သေဆုံး**

ပေါက်ကွဲမှုကြောင့် ယူကရိန်းတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ဆာဒါ၏ တပ်ဖွဲ့ဝင်များနှင့် တိုက်ပွဲဖြစ်ရာ၌ ငါးဦးထိခိုက်ဒဏ်ရာရခဲ့ပြီးနောက် ယခုလ အစောပိုင်း၌ ဘဂ္ဂဒက်အရှေ့ တောင်ဘက် ကွတ်မြို့မှနေ၍ ယူကရိန်းတပ်ဖွဲ့များ ရုပ်သိမ်းခဲ့သည်။

**စေလွှတ်**

ဘဂ္ဂဒက်သို့ လက်နက်များ တရားမဝင်ရောင်းချသည်ဆိုသော သတင်းများနှင့်စပ်လျဉ်း၍ တင်းမာခဲ့သော အမေရိကန်နှင့်ဆက်ဆံရေးကို ပြုပြင်ရန်အတွက် ပြီးခဲ့သည့်နှစ်တွင် တပ်ဖွဲ့ဝင် ၁၆၀၀ ကို ယူကရိန်းက အီရတ်သို့ စေလွှတ်ပေးခဲ့သည်။ **အမ်အင်အေ၊ ရိုက်တာ**

**လုံခြုံရေးစောင့်ကြပ်**

**ဧပြီ ၂၈ ရက်က ဘဂ္ဂဒက်မြို့မြောက်ဘက်တွင် ဗုံးပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် ယင်းနေရာအနီး လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်အကျဉ်းသားများကို ကန်တို့မတရားနှိပ်စက်မှုများ စီဘီအက်စ်ရုပ်သံလွှင့်ဌာနက ထုတ်လွှင့်ပြသခဲ့

နယူးယောက် ဧပြီ ၂၉

**အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်ညှဉ်းပန်းခဲ့ကြသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ ရုပ်ပုံများကို စီဘီအက်စ်က ဗုဒ္ဓဟူးနေ့၌ ထုတ်လွှင့်ပြသခဲ့ပြီး ဖမ်းဆီးထားသော အီရတ်တို့ကို ကိုင်တွယ်မှုကို စစ်ဘက်ဆိုင်ရာက စုံစမ်းမှုပြုလုပ်ရာတွင် ပြဿနာများစွာကို တွေ့ခဲ့ရကြောင်း ပြောကြားသည်။**

အဘူဂါရိပ်ရှိ အကျဉ်းထောင်မှ အကျဉ်းသားများကို မတရားညှဉ်းပန်းနှိပ်စက်မှုအား စုံစမ်းရာမှ အမေရိကန်တပ်ဖွဲ့ဝင်ခြောက်ဦးသည် စစ်ခုံရုံး၌ တရားစွဲဆိုခြင်း ခံနေကြရသည်ဟု အီရတ်ရှိ စစ်ဆင်ရေးဒုတိယအကြီးအကဲ ဗိုလ်ချုပ်မာ့ခ်ကင်မ်မစ်က ပြောကြားသည်။

**ထုတ်လွှင့်**

စီဘီအက်စ်က ထုတ်လွှင့်ပြသသော ဓာတ်ပုံတစ်ပုံတွင် အကျဉ်းသားတစ်ဦးသည် သေတ္တာတစ်လုံးပေါ်၌ ရပ်လျက်ရှိပြီး သူ၏ ခေါင်းကို ခေါင်းစွပ်စွပ်ထားကာ လက်များကို ဝါယာကြိုးများဖြင့် သွယ်ထားသည်။ အကယ်၍ သူလဲကျသွားလျှင် သူသည် ဓာတ်လိုက်ခြင်း ခံရမည်ဖြစ်ကြောင်း သူ့အား အမေရိကန်တပ်ဖွဲ့ဝင်များက ပြောထားကြောင်း စီဘီအက်စ်က ထုတ်လွှင့်သည်။ **(အင်တာနက်)**

**မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ**

# ကျူးကျော်ထားသောနိုင်ငံကို စစ်ရေးအရဆောင်ရွက်မှု ပိုမိုဆိုးသောအမှားကိုဖြစ်စေမည်ဟု ကိုဖီအာနန်သတိပေး

ကုလသမဂ္ဂ ဧပြီ ၂၉

**ဖော်လူဂျာတွင် အမေရိကန်က စစ်ရေးအရ ဆောင်ရွက်ခြင်းသည် ခုခံတိုက်ခိုက်မှုကို အားပေးရာရောက်နိုင်ပြီး ကျူးကျော်မှုကို အဆုံးသတ်ရန် ခက်ခဲသွားစေမည်ဖြစ်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့၌ သတိပေးလိုက်သည်။**

ကုလသမဂ္ဂသည် ဖော်လူဂျာရှိ ကော်မတီတစ်ခုထံမှ ကြားဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံချက်ကို လက်ခံရရှိခဲ့ကြောင်း အာနန်က ပြောကြားသည်။ မိမိအနေဖြင့် အမေရိကန်အာဏာပိုင်များအား သတိထားဆောင်ရွက်ရန်လိုကြောင်း ပြောကြားထားခဲ့ကြောင်း၊ လှုံ့ဆော်ရန်လိုအပ်သည်မှာ ထိပ်တိုက်ရင်ဆိုင်တွေ့မှုကိုရှောင်ရှားရန် ပင်ဖြစ်ကြောင်း၊ ကျူးကျော်ထားသောနိုင်ငံ၌ နေထိုင်ကြသူများကို ကျူးကျော်သည့် အင်အားကြီးနိုင်ငံက စစ်ရေးအရဆောင်ရွက်ခြင်းသည် ပိုဆိုးသောအမှားကိုသာဖြစ်စေမည်ဟု အာနန်က ပြောကြားသည်။

**ပေါ်ပေါက်လာနိုင်**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာအာနန်သည် အီရတ်ဆိုင်ရာ ၎င်း၏သံတမန် လက်ခ်ဒါဘရာဟီမီက လုံခြုံရေးကောင်စီ၌ အကယ်၍ ဖော်လူဂျာ၏အခြေအနေကို ငြိမ်းချမ်းစွာမဖြေရှင်းလျှင် ထိပ်တိုက်ရင်ဆိုင်တွေ့မှု အလားအလာတစ်ရပ်ဖြစ်လာနိုင်ပြီး ရေရှည်အကျိုးဆက်များ ပေါ်ပေါက်လာနိုင်သည်ဟု ပြောဆိုခဲ့ပြီး နောက်တစ်နေ့၌ ပြောကြားခြင်းဖြစ်သည်။

ထို့ပြင် ကိုဖီအာနန်က အီရတ်ခေါင်းဆောင် ဆာဒါပုန်းအောင်းနေသည်ဆိုသော နာဂျက်ဖ်မြို့ကို တစ်စုံတစ်ရာတိုက်ခိုက်မှုနှင့်ပတ်သက်၍ မိမိစိုးရိမ်ကြောင်း ပြောဆိုသည်။ **အမ်အင်အေ၊ ရိုက်တာ**

# ကန်တပ်ဖွဲ့ဝင်သုံးဦး တိုက်ပွဲ၌ရရှိသော ဒဏ်ရာဖြင့်သေဆုံး

**ဘဂ္ဂဒက် ဧပြီ ၂၉**

အမေရိကန်ဦးဆောင်သော တပ်ဖွဲ့ဝင်သုံးဦးသည် ဗုဒ္ဓဟူးနေ့က အီရတ်၌သေဆုံးသွားကြောင်း ယင်းသုံးဦးအနက် တစ်ဦးမှာ တိုက်ပွဲ၌ ချက်ချင်းသေဆုံးသွားပြီး နှစ်ဦးမှာ တိုက်ပွဲ၌ ဒဏ်ရာရရှိပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဗိုလ်မှူးချုပ် မတ်ခ်ကင်မ်မစ်က ပြောကြားသည်။

**ပြောကြား**

အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘဂ္ဂဒက်တောင်ဘက် ဆွာရက်အနီး၌ သေဆုံးခဲ့ခြင်းဖြစ်ပြီး အခြားတစ်ဦးမှာ ထိုဒေသ၌ရရှိခဲ့သော ဒဏ်ရာများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း အဆိုပါဗိုလ်မှူးချုပ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

**ဒဏ်ရာရ**

တတိယအမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးမှာ အီရတ်မြောက်ပိုင်း၌ တာဝန်ထမ်းဆောင်စဉ် ရရှိခဲ့သော ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။ ယင်းတပ်ဖွဲ့ဝင်သည် ဆေးတပ်ဖွဲ့ဝင်ဖြစ်ပြီး ဆွာရက်တိုက်ပွဲ၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ **အမ်အင်အေ၊ ရိုက်တာ**

**ဧပြီ ၂၉ ရက်က ဘဂ္ဂဒက်မြို့ပြင်တွင် ရေနံတင်ယာဉ်တစ်စီး ပြောက်ကျားတို့ တိုက်ခိုက်ခံရမှုကြောင့် မီးလောင်ပျက်စီးနေသည်ကို တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်က လျော်ကြေးပေးရန် အီရန်တရားရုံးက စီရင်ချက်ချမှတ်

တီဟီရန် ဧပြီ ၂၉

**ဖယ်ရှားခံရသော အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ကို ဓာတုဗေဒလက်နက်များထောက်ပံ့ခြင်းအတွက် လျော်ကြေး အမေရိကန်ဒေါ်လာ သန်း ၆၀၀ ကို အမေရိကန်ပြည်ထောင်စုက အီရန်ကိုပေးသင့်ကြောင်း အီရန်တရားရုံးက စီရင်ချက်ချလိုက်သည်ဟု အိုင်အာအင်အေသတင်းဌာနက ဗုဒ္ဓဟူးနေ့က သတင်းဖော်ပြလိုက်သည်။**

အဆိုပါလျော်ကြေးငွေကို အီရတ်နယ်စပ်ရှိ ဆာဒက်ရှ်မြို့ကို တိုက်ခိုက်ရာ၌ မသေဘဲကျန်သူများအား ပေးရမည်ဖြစ်ကြောင်း အိုင်အာအင်အေက ပြောကြားသည်။ အီရတ်တို့က ဓာတ်ငွေ့ဖြင့်တိုက်ခိုက်သဖြင့် ၁၉၈၀-၁၉၈၈ အီရန်-အီရတ်စစ်ပွဲတွင်း အီရန်နှင့် အီရတ် ကာ့ဒ်ထောင်ပေါင်းများစွာ သေဆုံးခဲ့ကြသည်။ နှစ်ဖက်စလုံး ရာထောင်ပေါင်းများစွာ သေဆုံးခဲ့ကြပြီး ဓာတုလက်နက်များကြောင့် အီရန်ထောင်ပေါင်းများစွာ မသန်မစွမ်းဖြစ်ခဲ့ကြရသည်။

**( အမိန့်ထုတ် )**

အဆိုပါ အီရန်တရားရုံးက အီရန်တို့ကို ဓာတုဗေဒလက်နက်များဖြင့် တိုက်ခိုက်ရန်အတွက် ဆက်ဒမ်အား အမေရိကန်အစိုးရက ပံ့ပိုးပေးခြင်းကြောင့် အမေရိကန်အစိုးရက အီရန်ကို လျော်ကြေးငွေပေးရန်အမိန့်ထုတ်ထားသည်။ ၁၉၇၉ ခုနှစ်၌ ရက်ပေါင်း ၄၄၄ ရက်ကြာမျှ တီဟီရန်ရှိ အမေရိကန်သံရုံး၌ အမေရိကန် ၅၀ ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုနှင့် အီရန်နိုင်ငံတို့သည် သဘောကွဲခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဖော်လူဂျာမြို့တွင်းသို့ အမျိုးသမီးများနှင့်ကလေးများသာဝင်ခွင့်ပြု ကန်တို့ပြုမူပုံ အီရတ်အမျိုးသားတို့ မခံမရပ်နိုင်ဖြစ်

ဖော်လူဂျာ ဧပြီ ၂၉

**အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနောက်ဘက် မိုင် ၄၀အကွာရှိ ဖော်လူဂျာမြို့သည် ဒေသခံများနှင့် ဆက်ဒမ်ဟူစိန်ကိုထောက်ခံသူများကြီးစိုးရာ မြို့တစ်မြို့ဖြစ်သည်။ ယခုအခါ ဖော်လူဂျာမြို့မှာ တိုက်ပွဲများပြင်းထန်စွာ ဖြစ်ပွားနေပြီး အမေရိကန်တို့က ဗုဒ္ဓဟူးနေ့ညက စတင်တိုက်ခိုက်ခြင်းဖြစ်ကာ စီ ၁၃၀ ဗုံးကြဲရဟတ်ယာဉ်များနှင့် မြို့တွင်းကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့သည်။**

ဖော်လူဂျာမြို့မှ နှစ်မိုင်အကွာစစ်ဆေးရေးဂိတ်၌ မြို့သို့ပြန်လာသော ဒေသခံများအနက် အမျိုးသမီးများနှင့် ကလေးများကိုသာ အမေရိကန်တို့က မြို့တွင်းသို့ ဝင်ရောက်ခွင့်ပြုသည့်အတွက် အမျိုးသားများက မခံမရပ်နိုင်ဖြစ် ကြကာ အီရတ်နိုင်ငံသည် မိမိတို့ဇာတိမြေဖြစ်ပြီး အမေရိကန်တို့ပြုမူပုံကို သည်းမခံနိုင်ကြောင်း ပြောကြားခဲ့ကြသည်။ ဒေသခံတို့၏ကားများကို စစ်ဆေးရေးဂိတ်များ၌ ထားခဲ့ရန် အမေရိကန်တို့က ပြောကြားသဖြင့် ခြေကျင်လျှောက်ပြန်ကြရကြောင်း ထောက်ပံ့ရေးပစ္စည်းများသယ်ဆောင်လာသည့် ကားများကိုသာ မြို့တွင်းသို့ဝင်ခွင့်ပြုကြောင်း သိရသည်။

**(စီအက်ဖ်အိုင်)**

## စောင့်ကြပ်

**ဧပြီ ၂၈ရက်က ဘာဆရာမြို့တွင် ဗြိတိသျှစစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ၂၀၀၄ခုနှစ် ဧပြီလတွင် အီရတ်၌သေဆုံးသော ကန်တပ်ဖွဲ့ဝင်ဦးရေ စစ်ပွဲကာလအတွင်း သေဆုံးသူအရေအတွက်ထက်ပိုများခဲ့

ဝါရှင်တန် ဧပြီ ၂၉

**အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များဝင်ရောက်ခဲ့ပြီးနောက်သီတင်းခြောက်ပတ်ကြာမျှ ဖြစ်ပွားခဲ့သော တိုက်ပွဲကြီးများအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များသေဆုံးခဲ့ရသည့်အရေအတွက်ထက် ဧပြီလတွင် အီရတ်၌သေဆုံးခဲ့သောအရေအတွက်သည် ပိုများခဲ့သည်ကို ထိခိုက်သေဆုံးမှု ကိန်းဂဏန်း၌ ဖော်ပြထားသည်။**

မေ ၁ရက်၌ အီရတ်တွင်ထိုးစစ် တိုက်ပွဲကြီးများပြီးဆုံးကြောင်း သမ္မတ ဂျော့ဒဗလျူဘုရှ်၏ကြေညာခဲ့ချိန်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ စုစုပေါင်းသေဆုံးမှုအရေအတွက်သည် ၁၀၉ ဦးရှိခဲ့သည်။

ဘဂ္ဂဒက်တွင်အမေရိကန်စစ်ဘက်ဆိုင်ရာ ပြောဆိုခွင့်ရှိသူက ဖော်ပြခဲ့သည့် ယခု ဧပြီလထဲ၌ တိုက်ပွဲတွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်များ၏ အရေအတွက်သည် ဗုဒ္ဓဟူးနေ့တွင် ၁၁၄ဦးထက်မနည်းထိ မြင့်တက်သွားခဲ့သည်။ ဧပြီလထဲ၌ ဖော်ပြခဲ့သော တပ်ဖွဲ့ဝင် ၁၃ ဦးသေဆုံးရမှုကို တိုက်ပွဲ၌ သေဆုံးသည် သို့မဟုတ်တိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးသည် ဆိုခြင်းကို အမျိုးအစား မခွဲခြားရသေးသဖြင့် ပင်တဂွန်၏တွက်ချက်မှုတွင် ယခုထိထိုသေဆုံးသူများကို ထည့်သွင်း တွက်ချက်ထားခြင်းမရှိဟု သိရသည်။

## ဖော်ပြထား

ထိုသို့ဆိုသော်လည်းပင်တဂွန်ဖော်ပြသည့် ကိန်းဂဏန်းများတွင် ယခုလ၌ ယခုအချိန်ထိ တပ်ဖွဲ့ဝင် ၁၂၄ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

ထိုသေဆုံးသူများတွင် ၁၀၅ ဦးထက်မနည်းမှာ တိုက်ပွဲ၌ သေဆုံးခဲ့ပြီး ခြောက်ဦးမှာတိုက်ပွဲ၌ မဟုတ်ဘဲ သေဆုံးခဲ့သည်ဟု အမျိုးအစားခွဲခြားထား ကြောင်းကာကွယ်ရေးအရာရှိတစ်ဦးက ပြောကြားသည်။

**(အင်တာနက်)**

# နိုင်ငံတကာသတင်းများ

# အမေရိကန်တို့အား ပြောက်ကျားတို့ ခုခံတိုက်ခိုက်နေမှု တရားမျှတသော တိုက်ခိုက်မှုဖြစ်ကြောင်း ဆီးရီးယားသမ္မတပြောကြား

ဒူဘိုင်း ဧပြီ ၂၉

**အီရတ်နိုင်ငံ၌ အမေရိကန်တပ်ဖွဲ့ဝင်များအား ခုခံတိုက်ခိုက်နေမှုကို ရပ်တန့်အောင်ကူညီပေးရန် ဝါရှင်တန်က ဖိအားပေးခံနေရသည့် ဆီးရီးယားသမ္မတ ဘာရှာအယ်လ်-အာဆတ်က ဗုဒ္ဓဟူးနေ့က တွေ့ဆုံမေးမြန်းခန်းတစ်ရပ်၌ အီရတ်နိုင်ငံ၏ ခုခံတိုက်ခိုက်မှုသည် တရားမျှတသော တိုက်ခိုက်မှုတစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။**

အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များသည် ဇွန် ၃၀ ရက်တွင် အီရတ်ပြည်သူများအား အုပ်ချုပ်ရေးလွှဲပြောင်းခြင်းမပြုမီ အီရတ်တောင်ပိုင်းမှ တိုက်ခိုက်ရေးသမားများနှင့် ဖော်လူဂျာမြို့မှ ပြောက်ကျားတို့ကို နှိမ်နင်းရန် ကြိုးစားနေကြရသည်။

## ထုတ်လွှင့်

လူအများလက်ခံသော ခုခံတိုက်ခိုက်မှုသည် တရားဝင် ခုခံတိုက်ခိုက်မှုကိုပြုရာရောက်ကြောင်း၊ တိုက်ပွဲဖြစ်ရခြင်း၏ အဓိက အစိတ်အပိုင်းသည် ခုခံမှုကြောင့် အာဆတ်၏ ပြောကြားချက်ကို အယ်လ်ဂျာဇီးယားဂြိုဟ်တုက ထုတ်လွှင့်သည်။

## ဆွေးနွေး

အီရတ်ပြောက်ကျားများသည် သိမ်းပိုက်ရေးတပ်ဖွဲ့များအား ဆန့်ကျင်တိုက်ခိုက်ရန် ခုခံတိုက်ရေးကိစ္စများ ဆွေးနွေးနေကြလျက်ရှိကြောင်း အာဆတ်ကပြောသည်။ ခုခံတိုက်ခိုက်မှုများသည် တရားနည်းလမ်းကျခြင်း ရှိမရှိမေးမြန်းသည်ကို တရားမျှတမှုရှိကြောင်း နားလည်သဘောပေါက်သည်ဟု ၎င်းကပြောဆိုသည်။

**အမ်အင်အေ၊ရိုက်တာ**

## ဆုတ်ခွာ

**ဧပြီ ၂၉ရက်က ကူဖာမြို့ ယာဉ်အသွားအလာထိန်းချုပ်ရေးစခန်းအနီး မော်တာဖြင့် ပစ်ခတ်တိုက်ခိုက်ခံရပြီးနောက် ယင်းနေရာအနီးမှ အမေရိကန်စစ်ယာဉ်များ လုံခြုံရေးအတွက် ဘေးကင်းရာသို့ ဆုတ်ခွာသွားစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ကန်တို့ ချက်ချင်းထွက်ခွာရန် အီရတ်တို့လိုလား

ဘဂ္ဂဒက် ဧပြီ ၂၉

အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သောတပ်ဖွဲ့ဝင်များဝင်ရောက်ကျူးကျော်တိုက်ခိုက်ခဲ့သည်မှာ တစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်ပြီး စစ်ပွဲနှင့် ပတ်သက်၍ စီအင်န်အင်န်ယူအက်စ်အေ ဂေါလော့ပ်က လူထုစစ်တမ်း တစ်ရပ်ကောက်ယူခဲ့ရာ အမေရိကန်တို့ အီရတ်နိုင်ငံမှ ထွက်ခွာကြရန်အီရတ် အများစုက လိုလားကြောင်း သိရသည်။ အီရတ်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့ဝင်များ ချက်ချင်းရပ်သိမ်းသင့်သည်လောဆိုသော မေးခွန်းနှင့် ပတ်သက်ပြီး အီရတ် ၅၇ ရာခိုင်နှုန်းက ရပ်သိမ်းသင့်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များသည် သူတစ်ပါးနိုင်ငံကို မတရားသိမ်းပိုက်ထားသူများ ဖြစ်သည်ဟု အီရတ် ၇၁ ရာခိုင်နှုန်းက ပြောကြားခဲ့သည်။ အီရတ်နိုင်ငံတစ်ဝန်း တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ အီရတ်ပြည်သူများ ဒဏ်ရာရသေဆုံးမှုများကို အမေရိကန်တပ်ဖွဲ့ဝင်အများစုသည် မကာကွယ်နိုင်ခဲ့ကြောင်း အမေရိကန်ဆန့်ကျင်ရေး တိုက်ခိုက်မှုသည် ယခုအခါအီရတ်၌ အရေး ကိစ္စအသစ်တစ်ရပ် ဖြစ်လာကြောင်းသိရသည်။ **(စီအင်န်အင်န်)**

# နယူးဇီလန်ခရီးသွားလုပ်ငန်းမှ ၂၀၀၃ခုနှစ်၌ ဒေါ်လာလေးဘီလီယံရရှိ

**ဝယ်လင်တန် ဧပြီ ၂၉**

နိုင်ငံတကာခရီးသွားသူများ သည် ၂၀၀၃ ခုနှစ်တွင် နယူးဇီလန်၏စီးပွားရေးကိုအမေရိကန်ဒေါ်လာ လေးဘီလီယံခန့် ဖြည့်ဆည်းပေးခဲ့ပြီး ၂၀၀၂ခုနှစ်၏ စံချိန်ကိန်းဂဏန်းအဖြစ် ၃ ဒသမ ၉ရာခိုင်နှုန်းတိုးမြှင့်ခဲ့ကြောင်း ခရီးသွားလာရေးဝန်ကြီးဌာနကဗုဒ္ဓဟူးနေ့တွင်ကြေညာသည်။

ခရီးသွားလာမှုလုပ်ငန်းသည် နယူးဇီလန်အတွက် မည်မျှအရေးကြီး သည်ကိုဖော်ပြခဲ့သည့် ယင်းကိန်း ဂဏန်းများကို မိမိအကြွင်းမဲ့ ကျေနပ်အားရကြောင်း ခရီးသွားလာရေး ဝန်ကြီးမတ်ဘာတန်က ကြေညာချက် တစ်စောင်တွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# နာဂျက်ဖ်မြို့အား အမေရိကန်တို့ ဝင်ရောက်လျှင် အသေခံတိုက်မည်ဟု ဆာဒါ၏ပြောခွင့်ရှိသူ ပြောကြား

**နာဂျာက်ဖ် ဧပြီ ၂၉**

အီရတ်နိုင်ငံ၌ ပြီးခဲ့သော တနင်္လာနေ့က တိုက်ခိုက်မှုကြီးများဖြစ်ပွားခဲ့ပြီးနောက် အီရတ်ခေါင်းဆောင်မွတ်တာဒါ အယ်လ်ဆာဒါ၏ ပြောရေးဆိုခွင့်ရှိသူ ရှိတ်အယ်ဒါဇာလီက သတိပေးချက်တစ်ရပ်ပြီးခဲ့သော အင်္ဂါနေ့က ထုတ်ပြန်သည်။ နာဂျက်ဖ်မြို့ကို အမေရိကန်တပ်ဖွဲ့ဝင်များ ကျူးကျော်ဝင်ရောက်ရန် ကြိုးပမ်းပါက အသေခံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ၎င်းက သတိပေးပြောကြားခဲ့သည်။

## တိုက်ခိုက်မည်

ဘာကူဘာမြို့၌ ပြီးခဲ့သည့် သောကြာနေ့က အယ်ဆာဒါခြိမ်းခြောက်ပြောဆိုခဲ့မှုအပေါ် ၎င်းကဆက်လက်ပြောကြားခဲ့ခြင်းဖြစ်ပြီး အယ်လ်ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များသည် ခုခံကာကွယ်ရန် အသင့်အနေအထားရှိမနေသော်လည်း နာဂျက်ဖ်မြို့အား မည်သည့်တိုက်ခိုက်မှုကိုမဆို ၎င်းတို့အနေဖြင့် အသေခံတိုက်ခိုက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

## ကြိုးပမ်း

အယ်လ်ဆာဒါ၏တပ်ဖွဲ့များသည် လွန်ခဲ့သောသီတင်းနှစ်ပတ်ကျော်ကစပြီး မြို့ကိုထိန်းချုပ်ထားခဲ့ခြင်းဖြစ်ပြီး မြို့ပြင်၌ အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀ဖြန့်ကြက်နေရာယူထားလျက်ရှိသည်။ အယ်လ်ဆာဒါအားသတ်ဖြတ်နိုင်ရန် သို့မဟုတ်ဖမ်းဆီးနိုင်ရန်နှင့် မြို့သိမ်းနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ **(စီစီတီဗွီ)**

မေ ၂၆ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်တို့၏လူနေအိမ်များကိုဖျက်ဆီး၍ ဝင်ရောက်ရန် ကြိုးပမ်းနေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၇ ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီး ပျက်စီးသွားသည့်နေအိမ်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၂၄ရက်က ဘဂ္ဂဒက်တောင်ဘက်မိုင် ၃၀အကွာရှိ ဟာစဝါဒေသ၌ လမ်းဘေးထောင်ချောက်ဗုံးတစ်လုံး ထိမှန်ပြီး ပျက်စီးနေသည့် ခရီးသည်တင်မော်တော်ယာဉ်ကို အီရတ်တို့ ကြည့်ရှုနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မေ ၂၇ ရက်က ဖော်လူဂျာမြို့အနီး၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားရာတွင် ဒဏ်ရာရပြောက်ကျားတို့အား ကူညီပေးခဲ့သည့် အီရတ်တစ်ဦးအား အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၆ရက်က ဖော်လူဂျာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်ပြောက်ကျားတို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားပြီး ဒဏ်ရာရရှိခဲ့သည့် အီရတ်တစ်ဦးအား ဆေးရုံသို့ပွေ့ချီလာသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၂၆ ရက်က ဘဂ္ဂဒက်မြို့၌ ဓာတုဗေဒပစ္စည်းသိုလှောင်ရုံအဆောက်အအုံတစ်ခု ဗုံးခွဲတိုက်ခိုက်မှုကြောင့် ပျက်စီး သွားသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

1-5 (06).p65 1 03/24/1905, 10:51 PM

# တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ပေါင်းကူး ဆက်သွယ်ပေးသည့် တံတားအရှည် ၃၆၄၃ ပေရှိသော မဟာဗန္ဓုလတံတားကို တွေ့ရစဉ်။

**ရဲရွာရေအား လျှပ်စစ်စီမံကိန်း**

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ၃၅ မိုင်အကွာ ရဲရွာအနီးရှိ မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးမည့် ရဲရွာ ရေအား လျှပ်စစ်စီမံကိန်း တည်ဆောက်မှု အခြေအနေကို တွေ့ရစဉ်။

(ဓာတ်ပုံ-ထွဏ်းလှအောင်)

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ထုတ်လုပ်နိုင်မည့် ပျဉ်းမနားမြို့နယ်ရှိ ပေါင်းလောင်း ရေအား လျှပ်စစ်စီမံကိန်း ရေလွှဲဥမင်လိုဏ် အမှတ်(၁)အဝင်ဝ ရေပိတ်တံခါးကို တွေ့ရစဉ်။

နှစ်ထပ်ကျောင်းဆောင်နှစ်ဆောင်နှင့် မျက်နှာစာ သုံးထပ်ကျောင်းဆောင်တို့ တစ်ဆက်တစ်စပ် တည်းတည်ဆောက်ထားသည့် ဘားအံ တက္ကသိုလ် (ပင်မဆောင်) မြင်ကွင်း။

ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)

# ပညာရေးပြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**✡ *လယ်ယာကဏ္ဍမှ***

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆီအုန်း အပါအဝင် စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ထို့ကြောင့် ကုန်ထုတ်လုပ်မှုနယ်ပယ်၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိကြသော တိုင်းရင်းသားလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍသည်လည်း များစွာအရေးကြီးပါကြောင်း။

## ခေတ်မီလယ်ယာကြီးများ

တိုင်းရင်းသား လုပ်ငန်းရှင်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် မှာကြားချက်များအနက် လယ်ယာလုပ်ငန်းရှင်များနှင့် စပ်ဆက်နေသည့် အချို့သောအချက်များကို ပြန်လည်ကောက်နုတ်တင်ပြရလျှင် နိုင်ငံတော်အကြီးအကဲက "လယ်ယာကုန်ထုတ်လုပ်မှု လုပ်ငန်းများကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လာနိုင်ရေး၊ လယ်ယာကဏ္ဍကုန်ထုတ်လုပ်မှု သိသိသာသာတိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဧက ထောင်/သောင်းရှိသော ခေတ်မီလယ်ယာလုပ်ကွက်ကြီးများ ပေါ်ထွက်လာရန်လိုကြောင်း"။

## ရင်းနှီးမြှုပ်နှံ

"ထို့ကြောင့် အရင်းအနှီးနှင့် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှု အတတ်ပညာရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအား မြေလွတ် မြေလပ် မြေရိုင်းနှင့် ရေနက်ကွင်းများ၌ ရင်းနှီးစိုက်ပျိုး လုပ်ကိုင်လာစေရန် အားပေးနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအင်အားစုအသစ်များ (National New Economic Forces) အဖြစ် ဖိတ်ခေါ်၍ လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံစေခဲ့ခြင်းဖြစ်ကြောင်း"။

"တောင်သူလယ်သမားများနေထိုင်ရာ ကျေးလက်ဒေသများမှလည်း ယင်းခေတ်မီ လယ်ယာလုပ်ကွက်ကြီးများနှင့် ဆက်စပ်ပြီး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း" စသည်ဖြင့် မိန့်ကြားလမ်းညွှန်ခဲ့ကြောင်း။

## အားပေးပျိုးထောင်

ယင်းလမ်းညွှန်မှုများနှင့်အညီ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များအား နိုင်ငံတော်အပိုင်းက လိုအပ်သည့် ပံ့ပိုးကူညီမှုများဖြင့် အားပေးပျိုးထောင်လျက်ရှိကြောင်း။

ဆီအုန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံသည့် ယခင်အစည်းအဝေးများ၌လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် လုပ်ကိုင်နိုင်မည့် မြေယာများ ချထားပေးမည်၊ ကူညီပံ့ပိုးဆောင်ရွက်ပေးသင့်သည့် ကိစ္စများကို အတတ်နိုင်ဆုံး အကူအညီပေးမည်၊ တည်ဆဲဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအား ထပ်မံ ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လျှပ်စစ်စွမ်းအားနှင့် စွမ်းအင်တိုးမြှင့်ရရှိရေး၊ စက်မှုကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးနှင့် စက်မှုလယ်ယာစနစ်သို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းရေးလုပ်ငန်းများကို စီမံချက်များဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကစိုက်ပျိုးရေးလုပ်ကွက်ကြီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်စပ်သွားမှာဖြစ်ကြောင်း။

## တိုးတက်အောင်ကြိုးပမ်း

စီမံခန့်ခွဲမှုအားကောင်းသည့် အရင်းအနှီးရှိသည့် တိုင်းရင်းသားလုပ်ငန်းရှင်များသည် ဖွဲ့သတ္တိ အရင်းခံ၍ လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ကြိုးပမ်းကြရမှာဖြစ်ကြောင်း။

## လွတ်လပ်စွာရောင်းဝယ်ခွင့်

နိုင်ငံတော်အပိုင်းကလည်း ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာ ဖြစ်ပေါ်ရေးအတွက် စပါးသီးနှံအပြင် ဝါ၊ ကြံနှင့်ရော်ဘာတို့ကို ဈေးနှုန်းကန့်သတ်၍ ဝယ်ယူခြင်းမပြုလုပ်တော့ဘဲ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်ခွင့်လည်း ပြုထားပြီးဖြစ်ကြောင်း။

သို့ရာတွင် နိုင်ငံတော်နှင့် ပြည်သူအများ၏ အကျိုးစီးပွားအတွက် လောလောဆယ် ဆန်စပါး၊ ဝါနှင့်ကြံတို့ကို ပြည်ပသို့ တင်ပို့ခွင့်မပြုသေးဘဲ ရော်ဘာကိုသာ တင်ပို့ခွင့်ပြုထားသေးကြောင်း။

## ဥပဒေနှင့်အညီဆောင်ရွက်

မည်သို့ပင်ဖြစ်စေ နိုင်ငံတော်၏ ကုန်ထုတ်လုပ်ငန်းများနှင့် ပြည်ပပို့ကုန်လုပ်ငန်းများသည် ရေရှည်၌ ပို၍ တိုးတက်ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း။

ထို့ကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန် မျှမျှတတဥပဒေနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးညွန့်က ၁၉၉၃ ခုနှစ်မှစ၍ တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးနိုင်ရန် တိုင်းရင်းသား လုပ်ငန်းရှင်များအား မြေနေရာများ ချထားပေးခဲ့မှု၊ ကုမ္ပဏီ ၁၇ ခုက မြေယာရယူခဲ့မှုနှင့် အမှန်စိုက်ပျိုးနိုင်မှု၊ ယခုနှစ်အတွင်း ဆီအုန်းစိုက်ပျိုးလိုသည့် တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ ၁၈ ဖွဲ့အားမြေနေရာရရှိရန် စီစဉ်ဆောင်ရွက်ပေးထားမှု၊ လုပ်ငန်းရှင်များက အဆိုပါနေရာများသို့ သွားရောက်လေ့လာခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက တနင်္သာရီတိုင်း၏

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင် ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး တင်လှိုင် ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းများ ထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် ညှိနှိုင်းရန်ခေါ်ယူသည့် အစည်းအဝေး ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် စိုက်ပျိုးထုတ်လုပ်သူများအတွက်ရော နိုင်ငံတော်အတွက်ပါ အကျိုးဖြစ်ထွန်းသကဲ့သို့ နိုင်ငံတော်၌ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ခိုင်မာသည့် ဈေးကွက်နှင့် ဖွံ့ဖြိုးတိုးတက်သည့် စီးပွားရေးစနစ်တို့ ဖြစ်ပေါ်လာစေမှာဖြစ်ကြောင်း။

တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်မှာ ကဏ္ဍစုံ ဘက်စုံမှ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရန် အရေးကြီးဆုံးဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်လာသည်နှင့်အမျှ ဝန်ဆောင်မှုကဏ္ဍနှင့် ကုန်သွယ်မှုကဏ္ဍတို့သည်လည်း ဆက်စပ်ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း။

## အောင်မြင်မှုများရရှိ

စိုက်ပျိုးရေးနှင့် မွေးမြူရေးကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် တက်ညီလက်ညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဆိုလျှင် အောင်မြင်မှုများ ရရှိမှာဖြစ်ကြောင်း။

သို့ရာတွင် လုပ်ငန်းဆောင်ရွက်ကြရာ၌ အခက်အခဲ အနည်းနှင့်အများ တွေ့ကြုံရမှာဖြစ်ကြောင်း၊ ယင်းအခက်အခဲများကို ပြေလည်စေရန် နိုင်ငံတော်အပိုင်းက တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း။

## အကောင်အထည်ဖော်

ဥပမာ စိုက်ပျိုးရေးတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို နည်းလမ်းအသွယ်သွယ်ဖြင့် မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရေ၊ မြေအနေအထားနှင့် ဆီအုန်းစိုက်ပျိုးရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များက မြေနေရာများ ရယူရာတွင် အမှန်တကယ်ဖြစ်ထွန်းနိုင်သည့်နေရာများ ရွေးချယ်ရန် လိုအပ်ပုံ များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က မြေလွတ် မြေရိုင်းများကို ခွဲဝေချထားရာ၌ လုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်ပြုသွားမည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က သစ်တောပိုင်မြေကို ဆီအုန်းစိုက်ပျိုးရန် လုပ်ကိုင်ခွင့်၊ လုပ်ပိုင်ခွင့်ပြုသွားမည့် စည်းကမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ သစ်တောများ ရေရှည် တည်တံ့ရေးကိစ္စများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ဆီအုန်းလုပ်ငန်းနှင့်စပ်လျဉ်း

ဆက်လက်၍ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းရှင်များက တနင်္သာရီတိုင်းတွင် ဆီအုန်းစိုက်ပျိုးရန် မြေနေရာရယူသွားမည့် အခြေအနေများ၊ ဆီအုန်းဆီကြိတ်စက်ရုံတည်ဆောက်ရေးအတွက် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက စက်ပစ္စည်းတင်သွင်းရေးကိစ္စများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ထပ်မံမှာကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်အောင် တည်ဆောက်လျက်ရှိရာ၌ အခြေခံအားဖြင့် နိုင်ငံတော်၏စီးပွားရေး ခိုင်မာဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အခြေခံကျသည့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သကဲ့သို့ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လည်း အရေးကြီးကြောင်း။

စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာ၌ အရင်းအနှီး၊ အတတ်ပညာ၊ လူ့အရင်းအမြစ်စသည့် လိုအပ်ချက်များရှိကြောင်း။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)**

### မြန်ဆန်စွာဖွံ့ဖြိုးလာနိုင်

လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးရန်အတွက် မိမိနိုင်ငံ၌ မြေ၊ရေ၊သင့်တင့်မျှတသည့် ရာသီဥတုနှင့် လုပ်ငန်းအတွေ့အကြုံများရှိပြီးဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍမှာ ပိုမိုမြန်ဆန်စွာ ဖွံ့ဖြိုးလာနိုင်ကြောင်း။

လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှာ မိမိတို့ ဘိုးစဉ်ဘောင်ဆက်ကတည်းက လုပ်ကိုင်ဆောင်ရွက်လာသည့်လုပ်ငန်းဖြစ်၍ ခေတ်မီသည့် စိုက်ပျိုးရေးအတတ်ပညာ၊ အရင်းအနှီးနှင့် ကြိုးစားဆောင်ရွက်မှုတို့ ဖြည့်စွက်ဆောင်ရွက်ရန်သာလိုကြောင်း။

### မြေဧက ကိုးသိန်းကျော်ရှိ

အရင်းအနှီးနှင့် အတတ်ပညာရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ဧရာဝတီတိုင်း၊ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန် မြေဧကများ ရယူထားရာ စုစုပေါင်း မြေဧက ကိုးသိန်းကျော်ရှိကြောင်း။

ထို့ကြောင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် မိမိတို့ ရယူထားသည့် မြေဧရိယာများ၌ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် ဖိဖိစီးစီး ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို တတ်နိုင်သမျှ ဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တိုင်းရင်းသားလုပ်ငန်းရှင်များက မြေလွတ် မြေရိုင်းဖော်ထုတ်စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်မှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးတို့က နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များအပိုင်းက စေတနာထား ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများကို ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က လုပ်ငန်းရှင်များ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနအလိုက် ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စများ၊ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများ၊ စိုက်ပျိုး၍မရနိုင်သည့်မြေများ၌ ငါးကန်၊ ပုစွန်ကန်များတူးဖော်၍ ခေတ်မီ ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ပုံများကို ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကားပြောကြားရာ၌ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ စိုက်ပျိုးရေးလုပ်ကွက်များ ပိုမိုအောင်မြင်ဖြစ်ထွန်းရေးအတွက် ကုမ္ပဏီအလိုက် သီးနှံသုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ယခုကတည်းကပင် ပူးတွဲဆောင်ရွက်မှသာ ရေရှည်၌ အထွက်ကောင်းမျိုးများ လုံလောက်စွာ ထုတ်လုပ်နိုင်မှာဖြစ်၍ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ယနေ့ ညှိနှိုင်းဆွေးနွေးချက်များအနက် မိမိတို့အပိုင်းက တာဝန်ယူဖြေရှင်းပေးရမည်များကို တာဝန်ယူ ဖြေရှင်းပေးသွားမှာဖြစ်ကြောင်း။

### တိုးချဲ့တာဝန်ယူလုပ်ကိုင်

တစ်ဖက်မှ ကုန်ထုတ်လုပ်မှု တိုးတက်သည်ထက် တိုးတက်ရေးကို အားထုတ်ကြိုးပမ်းသကဲ့သို့ ပြည်ပဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကလည်း ထိထိမိမိ တက်တက်ကြွကြွ တိုးချဲ့တာဝန်ယူ လုပ်ကိုင်

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဆီအုန်းလုပ်ငန်းအပါအဝင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးတွင် ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)**

ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူထုတ်လုပ်ရေးကိုလည်း စိတ်ပါဝင်စားပြီး အားပေးပါဝင်ကူညီရန်လိုကြောင်း။

သို့မှသာ သီးနှံနှင့်သားငါးများ ပို့လျှံကာ ပို့ကုန်အပိုင်းတွင် ပိုမိုမြင့်မားလာပြီး ခိုင်မာကျယ်ပြန့်သော ဈေးကွက် ရရှိလာမှာဖြစ်ကြောင်း၊ ခိုင်မာသည့် ဈေးကွက်ရရှိမှုလည်း စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၌ တည်ငြိမ် ဖွံ့ဖြိုးမှုအားကောင်းသည့် စီးပွားရေးပတ်ဝန်းကျင် ဖြစ်ပေါ်လာမှာဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့အားလုံးက စေတနာနှင့် ကျယ်ပြန့်သော အသိအမြင်ကို အခြေခံ၍ လုပ်ငန်းများကို ကြိုးစားပမ်းစား ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## ထူးကဲဒီရေ တက်ဖွယ်ရှိ

ရန်ကုန် မေ ၃၀

**မေ ၅ ရက်မှ ၇ ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ ဒသမ ၁၄ ပေခန့်မှ ၂၀ ဒသမ ၄၄ ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော ပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးအကြောင်းကြားထားသည်။**

(သတင်းစဉ်)

## ထစ်ချုန်းမိုး

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မွန်းလွဲ၊ ညနေပိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။**

## ထူးခြားသည့် နေ့အပူချိန်များ (၃၀-၄-၂၀၀၄)

| | | |
|---|---|---|
| မကွေး | ၃၅ ဒီဂရီစင်တီဂရိတ် | (၉၅ ဒီဂရီဖာရင်ဟိုက်) |
| ပြည် | ၃၃ ဒီဂရီစင်တီဂရိတ် | (၉၁ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| ရန်ကုန် | ၃၃ ဒီဂရီစင်တီဂရိတ် | (၉၁ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| မုံရွာ | ၃၃ ဒီဂရီစင်တီဂရိတ် | (၉၁ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်) |
| မန္တလေး | ၃၂ ဒီဂရီစင်တီဂရိတ် | (၈၉ ဒသမ ၆ ဒီဂရီဖာရင်ဟိုက်) |

# စီးပွားကူးသန်း ရှေ့သို့လှမ်း

## ကချင်ပြည်နယ်အတွင်းရှိ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၃၀

**သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှသိန်း၊ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝင်း၊ သတ္တုတွင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းသိန်း၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဇော်၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဆွေတို့ လိုက်ပါလျက် ရန်ကုန်မြို့မှ ဧပြီ ၂၆ ရက်တွင် လေယာဉ်ဖြင့် ထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့သို့ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ ည ၇ နာရီတွင် လုံးခင်းသို့ရောက်ရှိသည်။ လုံးခင်းရိပ်သာ၌ ဗိုလ်မှူးကြီးတင်ရိုန်နှင့်တာဝန်ရှိသူများက သတ္တုလုပ်ကွက်များတူးဖော်မှုနှင့် မြေစာစွန့်ပစ်မှု စနစ်တကျဆောင်ရွက်နေမှု၊ ကြီးကြပ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီး ဦးဖေသန်းတို့က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။**

ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၂၇ ရက်တွင် လုံးခင်းကျောက်စိမ်းတူးဖော်ရေးစခန်းဝင်းအတွင်းရှိ ဝန်ကြီးဌာနနှင့် အကျိုးတူလုပ်ငန်းများမှ တူးဖော်ရရှိထားသော ကျောက်စိမ်းများ၊ အရိုင်းတုံးများ ကျောက်စိမ်းတုံး ဖြတ်စက်များဖြင့် ဖြတ်တောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျထိန်းသိမ်းဆောင်ရွက်ရေးနှင့် ပို့ဆောင်ရေး မှာကြားသည်။

ယင်းနောက် ဖားကန့်မြို့ ဥရုရတနာခန်းမ၌ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောက်စိမ်း လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး စနစ်တကျတူးဖော်ရေး၊ မြေစာများ စနစ်တကျစွန့်ပစ်ရေး၊ ရေစီး ရေလာကောင်းမွန်အောင် ပေါင်းစပ် ဆောင်ရွက်ရေးနှင့် ကျောက်စိမ်းတူးဖော်မှုလုပ်ငန်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားရန်ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပို့ဆောင်ရေး ဒုတိယဝန်ကြီး ဦးဖေသန်းက ရေကြောင်းထိန်းသိမ်း စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် နန့်မှော်လုပ်ကွက်ရှိ တန် ၃၀၀၀ ကျောက်စိမ်း တုံးကြီး၏ မြေအောက်ပြုပြင်မွမ်းမံတည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာက ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက အခိုင်အမာ တည်ဆောက်သွားရမည့် လုပ်ငန်းစဉ်များ အသေးစိတ် စနစ်တကျပြုပြင်သွားရန် ဆွေးနွေးမှာကြားသည်။ ထို့နောက် ရေအားလျှပ်စစ်စက်ရုံငယ် တည်ဆောက်မည့်နေရာကို ကြည့်ရှု၍ အမြန်ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဖားကန့်၊ နတ်မှော်လုပ်ကွက်မှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာပြီး တာမခံကျေးရွာ၊ ဟောင်ပါးကျေးရွာ၊ ရွှေတောင်ကျော်ကျေးရွာတို့မှ ကျေးရွာအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် လူမှုရေးအသင်းအဖွဲ့များအား ရင်းနှီးစွာတွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ကိစ္စရပ်များကို စည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဝန်ကြီးနှင့် အဖွဲ့သည် ညပိုင်းတွင် ကချင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးမှာကြားသည်။ ဝန်ကြီးနှင့်အဖွဲ့သည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမင်းဆွေ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံပြီး ဒေသဆိုင်ရာဖွံ့ဖြိုးရေး ကိစ္စရပ်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များ ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းနှင့် အဖွဲ့ဝင်များ ဧပြီ၂၇ရက်က ကချင်ပြည်နယ် လုံးခင်းမြို့ ကျောက်စိမ်းတူးဖော်ရေးစခန်းဝင်းအတွင်း ဝန်ကြီးဌာနနှင့် အကျိုးတူလုပ်ငန်းများမှ တူးဖော်ရရှိသော ကျောက်စိမ်းအရိုင်းတုံးများ၊ ကျောက်စိမ်းတုံး ဖြတ်ပိုင်းများကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပြဋ္ဌာန်း

## ပြည်ထောင်စုမြန်မာနိုင်ငံတော်
## နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
## အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၅/၂၀၀၄)

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
(၂၀၀၄ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **သတင်းအချက်အလက်**(Information)ဆိုရာတွင် အချက်အလက် (Data)၊မူရင်းစာ(Text)၊ပုံရိပ်သဏ္ဌာန်(Image)၊ အသံ၊ သင်္ကေတ (Code)၊ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲ(Software)နှင့် အချက်အလက်အစုအဝေး (Data Base)တို့ပါဝင်သည်။

(ခ) **အီလက်ထရောနစ်မှတ်တမ်း** (Electronic record )ဆိုသည်မှာ သတင်းအချက်အလက် စနစ်တစ်ခုတွင်သော်လည်းကောင်း၊ သတင်းအချက်အလက်စနစ်တစ်ခုမှ အခြားစနစ်တစ်ခုသို့ ပေးပို့ရေးအတွက်သော်လည်းကောင်း၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့်ဖြစ်စေ၊အလင်းတန်းဖြတ်သန်းခြင်းနည်း( Optical Means) ဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ သတင်းအချက်အလက်တစ်ခုခုကို ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော အထောက်အထားမှတ်တမ်းကို ဆိုသည်။

(ဂ) **အီလက်ထရောနစ်အချက်အလက် သတင်းလွှာ** (Electronic Data massage)ဆိုသည်မှာ အီလက်ထရောနစ်အချက်အလက် အပြန်အလှန် ပို့ဆောင်သည့် အီးဒီအိုင်စနစ် (Electronic data interchange)ဖက်စ်၊ အီးမေးလ်၊ ကြေးနန်း၊ တဲလက်စ်နှင့် တယ်လီကော်ပီတို့ အပါအဝင် အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်း နည်းဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖြစ်ပေါ်စေသော၊ ပေးပို့သော၊ လက်ခံရယူသော သို့မဟုတ် သိုမှီးထိန်းသိမ်းသော သတင်းအချက်အလက်ကို ဆိုသည်။

(ဃ) **ကွန်ပျူတာ** ဆိုသည်မှာ သတင်း အချက်အလက်နှင့် မှတ်တမ်းများ ရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပေးပို့ခြင်း၊ သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ခြင်းနှင့် လိုအပ်သော အချိန်၌ ပြန်လည်ဖော်ထုတ်၍ အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ သင်္ချာဆိုင်ရာနှင့် ယုတ္တိဗေဒဆိုင်ရာ နည်းလမ်းများ အသုံးပြုဆောင်ရွက်ခြင်းကိုလည်းကောင်း၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်ဓာတ်ဖြင့်ဖြစ်စေ၊ အလင်းတန်းဖြတ်သန်းခြင်း နည်းဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်သည့် ပစ္စည်းကိရိယာကိုဆိုသည်။

(င) **ကွန်ပျူတာကွန်ရက်** (Computer network)ဆိုသည်မှာ ဂြိုဟ်တုမှ တစ်ဆင့်ဖြစ်စေ၊ အခြားနည်းပညာ တစ်ရပ်ရပ်မှတစ်ဆင့်ဖြစ်စေ ကွန်ပျူတာ အချင်းချင်း ချိတ်ဆက်အသုံးပြုသော ကွန်ရက်စနစ်ကို ဆိုသည်။

(စ) **အီလက်ထရောနစ် ထိုးမြဲလက်မှတ်** (Electronic signature) ဆိုသည်မှာ အီလက်ထရောနစ်မှတ်တမ်း၏ ပင်ရင်းစစ်မှန်ကြောင်းနှင့် ပြင်ဆင်မှု သို့မဟုတ် အစားထိုးမှုမရှိကြောင်းတို့ကို အတည်ပြုရန် အီလက်ထရောနစ် နည်းပညာဖြင့်ဖြစ်စေ၊ အလားတူ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ကိုယ်တိုင် သို့မဟုတ် ကိုယ်စားစီစဉ်ထားသည့် သင်္ကေတ သို့မဟုတ် အမှတ်အသားကို ဆိုသည်။

(ဆ) **သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ** (Certification authority) ဆိုသည်မှာ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့် စပ်လျဉ်း၍ ဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်နိုင်ရန် ကြီးကြပ်မှု အဖွဲ့က ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ကို ရရှိသောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဇ) **သက်သေခံ လက်မှတ်** (Certificate)ဆိုသည်မှာ လက်မှတ်ရေးထိုးသူနှင့် ထိုးမြဲလက်မှတ်ဖန်တီးသော အချက်အလက်တို့၏ ဆက်နွယ်မှုကို သေချာစေသည့်အီလက်ထရောနစ် အချက်အလက် သတင်းလွှာ သို့မဟုတ် အခြားမှတ်တမ်းအဖြစ် သက်သေခံ လက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက ငှားရမ်းသုံးစွဲသူ (Subscriber) အား ထုတ်ပေးသည့်လက်မှတ်ကို ဆိုသည်။

(ဈ) **မူလဆောင်ရွက်ပေးပို့သူ** (Originator)ဆိုသည်မှာ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက် သတင်းလွှာကိုဖန်တီးရန်ဖြစ်စေ၊ စတင်ဆောင်ရွက်ရန်ဖြစ်စေ၊ ပေးပို့ရန် ဖြစ်စေ၊ ဆောင်ရွက်သူ သို့မဟုတ် ထိုသူ၏ကိုယ်စားလှယ်ကို ဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက် သတင်းလွှာနှင့် စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူမပါဝင်။

(ည) **လက်ခံသူ**( Addressee) ဆိုသည်မှာ မူလဆောင်ရွက်ပေးပို့သူက ပေးပို့သည့် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာကို လက်ခံရရှိစေရန် ရည်ရွယ်သည့် ပုဂ္ဂိုလ်ကိုဆိုသည်။ ယင်းစကားရပ်တွင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက် သတင်းလွှာနှင့်စပ်လျဉ်း၍ အခြားသူတစ်ဦးတစ်ယောက်အတွက် ဆောင်ရွက်ပေးသည့် ကြားခံဆောင်ရွက်သူမပါဝင်။

(ဋ) **ငှားရမ်းသုံးစွဲသူ** ဆိုသည်မှာ သက်သေခံလက်မှတ်တွင် နည်းပညာ တစ်ရပ်ရပ်အရ အမည်ဖော်ပြထားသောအီလက်ထရောနစ်ထိုးမြဲ လက်မှတ်ရေးထိုးသူ အမှန်ဖြစ်ကြောင်း သတ်မှတ်ခြင်းခံရသည့် ပုဂ္ဂိုလ်ကိုဆိုသည်။

(ဌ) **ဗဟိုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဗဟိုအဖွဲ့ကိုဆိုသည်။

(ဍ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်း ဝန်ကြီးဌာနကို ဆိုသည်။

(ဎ) **ကြီးကြပ်မှုအဖွဲ့**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုအဖွဲ့ကိုဆိုသည်။

### အခန်း (၂)
### ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဖြင့် အထောက်အကူပြုနိုင်ရန်၊

(ခ) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဖြင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုရေးနှင့်ပညာရေးကဏ္ဍအပါအဝင် ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အခွင့်အလမ်းများ ပိုမိုရရှိလာစေရန်၊

(ဂ) ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ ပြည်တွင်းပြည်ပဆက်သွယ်ဆောင်ရွက်သည့်ကိစ္စများတွင် အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ်အချက်အလက်သတင်းလွှာများ၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှုကို အသိအမှတ်ပြုပြီး ဥပဒေအရ အကာအကွယ်ပေးနိုင်ရန်၊

(ဃ) အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ ပြည်တွင်းပြည်ပ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်လွှင့်ပေးပို့ခြင်း၊ လက်ခံဖမ်းယူခြင်းနှင့် သိုမှီးထိန်းသိမ်းခြင်းတို့ပြုလုပ်နိုင်ရန်၊

(င) ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့ အစည်းများနှင့် ပုဂ္ဂိုလ်များ ထိရောက်လျင်မြန်စွာ ဆက်သွယ်ပူးပေါင်းဆောင်ရွက်နိုင်ရန်။

### အခန်း (၃)
### သက်ဆိုင်ခြင်း

၄။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ပြည်တွင်းပြည်ပ ဆက်ဆံမှု၊ လုပ်ငန်းဆက်စပ်ဆောင်ရွက်မှု၊ စီစဉ်မှု၊ သဘောတူညီမှု၊ ပဋိညာဉ်ချုပ်ဆိုမှု၊ သတင်းအချက်အလက်ဖလှယ်မှုနှင့် သိုမှီးထိန်းသိမ်းမှုများ အပါအဝင် စီးပွားရေးနှင့်သက်ဆိုင်သော ကိစ္စရပ်တွင်ဖြစ်စေ၊ စီးပွားရေးနှင့်သက်ဆိုင်ခြင်းမရှိသော ကိစ္စရပ်တွင်ဖြစ်စေ အသုံးပြုသည့် အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ်အချက်အလက် သတင်းလွှာအမျိုးအစား တစ်မျိုးမျိုးနှင့်သက်ဆိုင်စေရမည်။

(ခ) မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို ပြည်တွင်းတွင် ကျူးလွန်လျှင်ဖြစ်စေ၊ ပြည်တွင်းမှ ပြည်ပသို့လည်းကောင်း၊ ပြည်ပမှ ပြည်တွင်းသို့လည်းကောင်း အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကိုအသုံးပြု၍ ကျူးလွန်လျှင်ဖြစ်စေ ဤဥပဒေနှင့် သက်ဆိုင်စေရမည်။

၅။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ–

(က) အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော သေတမ်းစာ၊

(ခ) လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၁၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော လွှဲပြောင်းနိုင်သော စာချုပ်စာတမ်း၊

(ဂ) ယုံကြည်အပ်နှံမှုအက်ဥပဒေ ပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော ယုံကြည်အပ်နှံမှု၊

(ဃ) ကိုယ်စားလှယ်လွှဲအပ်ခြင်း အက်ဥပဒေအရ ပေးအပ်သော ကိုယ်စားလှယ်စာ၊

(င) ပိုင်ဆိုင်ခွင့်ဆိုင်ရာ စာတမ်းအမှတ်အသားများ၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မှတ်ပုံတင်ရမည်ဟု ပြဋ္ဌာန်းထားသည့် စာချုပ်စာတမ်းများ၊

(ဆ) ဝန်ကြီးဌာနက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုသောကိစ္စများ။

### အခန်း(၄)
### အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့သည်–

(က) ဤဥပဒေပါရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များနှင့် ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူများက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဗဟိုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုအဖွဲ့ကို ဖွဲ့စည်းရာတွင် ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးနိုင်သည်။

(ဂ) ဗဟိုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာကို တစ်ဆင့်ပြီးတစ်ဆင့် ကျယ်ပြန့်စွာအသုံးပြုနိုင်ရေးအတွက် စီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊

(ခ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဆိုင်ရာ အတွေ့အကြုံ ဗဟုသုတကြွယ်ဝပြီး ကမ္ဘာလုံးဆိုင်ရာ ပေါင်းစည်းမှုဖြစ်စဉ်တွင် အဆင်သင့်ဖြစ်စေရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊

(ဂ) အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ထိရောက်လျင်မြန်စွာ ပူးပေါင်းဆောင်ရွက်မှု၊ ဆက်သွယ်ဆက်ဆံမှု ပြုလုပ်နိုင်ရေးအတွက် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာဆိုင်ရာမူဝါဒများ၊ ဥပဒေရေးရာများ၊ စံချိန်စံညွှန်းများနှင့် လိုက်လျောညီထွေရှိစေရန် ဆောင်ရွက်ပေးခြင်း၊

(ဃ) အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးနည်းပညာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(င) ကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်ခြင်း၊

(စ) မိမိ၏ လုပ်ငန်းတာဝန်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်သောလုပ်ငန်းအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း။

၈။ ဗဟိုအဖွဲ့သည် လိုအပ်ပါက မိမိ၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို သင့်လျော်သည့် အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်တာဝန်ပေးနိုင်သည်။

### အခန်း(၅)
### အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ယင်း၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များ

၉။ ဗဟိုအဖွဲ့သည်–

(က) ဤဥပဒေပါ ကိစ္စရပ်များအလို့ငှာ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဆိုင်ရာလုပ်ငန်းများကို ကြီးကြပ်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးကြီးကြပ်မှုအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) ကြီးကြပ်မှုအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကြီးကြပ်မှုအဖွဲ့သည် ဗဟိုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် အောက်ပါ လုပ်ငန်းတာဝန်များနှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရမည်–

(က) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူအဖြစ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးခြင်း၊ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊

(ခ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ငှားရမ်းသုံးစွဲသူတို့ အကြား ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကို သတ်မှတ်ခြင်း၊

(ဂ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက လုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များနှင့် စံများကိုလည်းကောင်း၊ ထိုသူက ထိန်းသိမ်းရမည့် စာရင်းတွင် မှတ်တမ်းတင်ထားရမည့် အသေးစိတ်အချက်အလက်များကိုလည်းကောင်း သတ်မှတ်ခြင်း၊

(ဃ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၏ ဝန်ထမ်းများတွင် ရှိရမည့် အရည်အချင်းနှင့် လုပ်ငန်းအတွေ့အကြုံများကို သတ်မှတ်ခြင်း၊

(င) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ငှားရမ်းသုံးစွဲသူတို့ အကြား အကျိုးစီးပွားနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော အငြင်းပွားမှုများကိုဖြေရှင်းခြင်း၊

စာမျက်နှာ ၁၁ ကော်လံ ၁

စာမျက်နှာ ၁၀ မှ

(စ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ တစ်ဦးတည်းဖြစ်စေ၊ အခြားသက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူနှင့် ပူးပေါင်း၍ဖြစ်စေ ဆောင်ရွက်သည့် အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ရေးစနစ် တည်ထောင်မှုကို အကူအညီပေးခြင်း၊

(ဆ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက ထုတ်ဖော်ထားသော အများပြည်သူအသုံးပြုမည့် အသေးစိတ်အချက်အလက်များ ပါဝင် သည့် အချက်အလက်အစုအဝေးကို ထိန်းသိမ်းခြင်း၊

(ဇ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ သိုမှီးထိန်းသိမ်းထားသည့် မှတ်တမ်းစာရင်း၊ အချက်အလက်နှင့် အထောက်အထားများကို လိုအပ်ပါက ကူးယူခြင်း၊ မိတ္တူကူးယူခြင်း၊ ထုတ်နုတ်ယူခြင်းနှင့် ယင်းတို့ကိုစစ်ဆေးခြင်း၊

(ဈ) ကွန်ပျူတာစနစ်တစ်ခု၏ လုပ်ငန်းလည်ပတ်မှုနှင့် ယင်းနှင့် သက်ဆိုင်သည့်ပစ္စည်းကိရိယာကို ဤဥပဒေအရ ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်း၍ အသုံးပြုနေသည် သို့မဟုတ် အသုံးပြုပြီးဖြစ်သည်ဟု သံသယဖြစ်ရန် အကြောင်းရှိပါက ဝင်ရောက်ကြည့်ရှုစစ်ဆေးခြင်း၊

(ည) ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်သော အချက်အလက်အထောက်အထားများကို ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ဖော်ထုတ်ရယူခြင်း၊

(ဋ) သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူ၏ ဆောင်ရွက်ချက်များကို စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဌ) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာခြင်းရှိမရှိ စိစစ်နိုင်ရန် လိုအပ်သလို စုံစမ်းစစ်ဆေးခြင်း၊

(ဍ) ပြည်ပနိုင်ငံတစ်ခုခု၏ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူအား သတ်မှတ်ချက်များနှင့်အညီ အသိအမှတ်ပြုခြင်း၊

(ဎ) မိမိ၏ဆောင်ရွက်ချက်များကို သတ်မှတ်ချက်များနှင့်အညီ ဗဟိုအဖွဲ့သို့တင်ပြခြင်း၊

(ဏ) ဗဟိုအဖွဲ့ကဖြစ်စေ၊ ဝန်ကြီးဌာနကဖြစ်စေ အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်းတာဝန်များကိုဆောင်ရွက်ခြင်း။

၁၁။ ကြီးကြပ်မှုအဖွဲ့သည် လိုအပ်ပါက မိမိ၏လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်တစ်ရပ်ရပ်ကို အဖွဲ့ ဖွဲ့စည်း၍ဖြစ်စေ၊ ကျွမ်းကျင်သူတစ်ဦးဦးအားဖြစ်စေ ဗဟိုအဖွဲ့၏ သဘောတူညီချက်ဖြင့် လွှဲအပ်တာဝန်ပေးနိုင်သည်။

## အခန်း(၆)
## သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ

၁၂။ ပြည်တွင်းပြည်ပမှ ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူအဖြစ် ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်လိုပါက လိုင်စင်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်မှုအဖွဲ့သို့ လျှောက်ထားရမည်။

၁၃။ ကြီးကြပ်မှုအဖွဲ့သည် ပုဒ်မ ၁၂ အရ လိုင်စင်လျှောက်ထားချက်ကိုစိစစ်ပြီး ပုဂ္ဂိုလ်သို့မဟုတ်အဖွဲ့အစည်းအားစည်းကမ်းချက်များသတ်မှတ်၍ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။

၁၄။ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည်–

(က) ကွန်ပျူတာဟတ်ဒ်ဝဲ(Hardware)၊ ဆော့ဖ်ဝဲနှင့် ကွန်ပျူတာလုပ်ထုံးများကို ဝင်ရောက်နှောင့်ယှက်ခြင်း၊ အလွဲအသုံးပြုခြင်းတို့ ဖြစ်ပေါ်ခြင်းမရှိစေရန် ယုံကြည်စိတ်ချရသောစနစ်ကို အသုံးပြုရမည်။

(ခ) မိမိရည်ရွယ်သော လုပ်ငန်း၏ဆောင်ရွက်မှုနှင့် ကိုက်ညီသော ဝန်ဆောင်မှုလုပ်ငန်းတွင် သင့်လျော်သော ယုံကြည်အားထားရမှုအဆင့်တစ်ရပ်ကို သတ်မှတ်ပေးရမည်။

(ဂ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ၏ လျှို့ဝှက်ထားရှိမှုကိုလုံခြုံမှုနည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်ထားသောစံများကို လိုက်နာဆောင်ရွက်ရမည်။

(င) အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်ခြင်းဆိုင်ရာသက်သေခံလက်မှတ်၏ အသေးစိတ်အချက်အလက်များကို ဖော်ပြရမည်။

(စ) သက်သေခံလက်မှတ်ထုတ်ပေးခြင်းနှင့်သက်ဆိုင်သော မိမိလက်တွေ့ ဆောင်ရွက်ပေးနိုင်မှုကိုဖော်ပြရမည်။

(ဆ) ထုတ်ပေးထားသည့် သက်သေခံလက်မှတ်၏ယုံကြည်အားထားရမှုကိုဖြစ်စေ၊ တာဝန်ခံနိုင်မှု သို့မဟုတ် အာမခံနိုင်မှုကိုဖြစ်စေ၊ ယင်း၏ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကိုဖြစ်စေ ထိခိုက်စေနိုင်သည့် အချက်များကိုဖော်ပြရမည်။

(ဇ) သက်သေခံလက်မှတ်တွင်ခွင့်ပြုထားသော အခြေအနေကြောင့်ဖြစ်စေ၊ ကွန်ပျူတာစနစ်၏ချို့ယွင်းမှုကြောင့်ဖြစ်စေ ထိခိုက်မှုဖြစ်ပေါ်လာနိုင်သော အခြေအနေများရှိလာပါက–

(၁) ထိခိုက်မှုဖြစ်စေနိုင်သည့် ပုဂ္ဂိုလ်အား ဖြစ်နိုင်သည့် နည်းလမ်းဖြင့် အသိပေးအကြောင်းကြားရမည်။

(၂) အထက်ပါအခြေအနေနှင့်ဖြစ်ပေါ်မှုများအတွက် သက်သေခံလက်မှတ်ကိုလက်တွေ့ဆောင်ရွက်ရာ၌လိုက်နာရန် သီးခြားသတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) ကြီးကြပ်မှုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့်စည်းမျဉ်းစည်းကမ်းနှင့် တာဝန်များကိုလိုက်နာဆောင်ရွက်ရမည်။

၁၅။ (က) ပုဒ်မ ၁၃ အရ ထုတ်ပေးသည့်လိုင်စင်ကို ရရှိသော သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရဖြစ်စေ၊ပြည်ထောင်စု မြန်မာနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရဖြစ်စေ ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုချက်ကိုတင်ပြရာတွင် ကြီးကြပ်မှုအဖွဲ့က ထုတ်ပေးသော လိုင်စင်နှင့်အတူ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ လျှောက်ထားရမည်။

(ခ) မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုအပ်ပါက ကြီးကြပ်မှုအဖွဲ့၏ သဘောထား မှတ်ချက်ကိုတောင်းခံနိုင်သည်။

## အခန်း(၇)
## ငှားရမ်းသုံးစွဲသူ

၁၆။ (က) ငှားရမ်းသုံးစွဲသူအဖြစ် ဆောင်ရွက်လိုသူသည် သက်သေခံလက်မှတ်ရရှိရန်သတ်မှတ်ချက်များနှင့်အညီ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူထံ လျှောက်ထားရမည်။

(ခ) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး စည်းကမ်းချက်များ သတ်မှတ်၍ သက်သေခံ လက်မှတ်ထုတ်ပေးခြင်း သို့မဟုတ် သက်သေခံလက်မှတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၇။ ငှားရမ်းသုံးစွဲသူသည်–

(က) အီလက်ထရောနစ် ထိုးမြဲလက်မှတ် ထုတ်ဖော်သည့် အချက်အလက်ဖြင့် တရားဝင်သော ထိုးမြဲလက်မှတ်ကို အသုံးပြုသည့်အခါ ယင်းထုတ်ဖော်သည့် အချက်အလက်ကို အခြားသူများ တရားမဝင်အသုံးပြုခြင်း မခံရစေရန် ဂရုစိုက်ရမည်။

(ခ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်အတွက် ထုတ်ပေးထားသော သက်သေခံလက်မှတ်ကို ခွင့်ပြုထားသော သက်တမ်းကာလအတွင်း အသုံးပြုရာတွင် မိမိနှင့်သက်ဆိုင်သည့် အကြောင်းအရာများသော်လည်းကောင်း၊ ထပ်မံထည့်သွင်းရန်ဖြစ်သည့် အကြောင်းအရာများသော် လည်းကောင်း တိကျပြည့်စုံပြီး မှန်ကန်မှု ရှိစေရန် ဂရုစိုက်ရမည်။

(ဂ) အီလက်ထရောနစ် ထိုးမြဲလက်မှတ်ထုတ်ဖော်သည့် အချက်အလက် လျှို့ဝှက်မှုပေါက်ကြားလျှင်ဖြစ်စေ၊ လျှို့ဝှက်မှုပေါက်ကြားနိုင်သည့် အခြေအနေမျိုးရောက်ရှိနေလျှင်ဖြစ်စေ သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက စီစဉ်ပေးသည့်အတိုင်းသော်လည်းကောင်း၊ သင့်လျော်သည့် အစီအစဉ်ဖြင့်သော်လည်းကောင်း၊ မိမိ၏ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့်လုပ်ငန်းဆက်စပ်ပတ်သက်နေသူများထံ နှောင့်နှေးကြန့်ကြာခြင်းမရှိစေဘဲ အကြောင်းကြားရမည်။

၁၈။ ပုဒ်မ ၁၇ တွင် ဖော်ပြထားသော အချက်များကို ဆောင်ရွက်ရန် ပျက်ကွက်ခြင်းကြောင့် ဖြစ်ပေါ်လာမည့် ထိခိုက်နစ်နာဆုံးရှုံးမှု အကျိုးဆက်များအတွက် ငှားရမ်းသုံးစွဲသူတွင် တာဝန်ရှိစေရမည်။

## အခန်း(၈)
## အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက် သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်များ

၁၉။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စာဖြင့်ရေးသားရမည်ဟု လည်းကောင်း၊ လက်မှတ်ရေးထိုးရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့် အကြောင်းအရာများကို အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက် သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်တို့ဖြင့် ပြုလုပ်နိုင်သည်။

(ခ) ပုဒ်မခွဲ(က)အရ ပြုလုပ်သော အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ် ထိုးမြဲလက်မှတ်များသည် သက်ဆိုင်ရာဥပဒေအရ ပြုလုပ်ဘိသကဲ့သို့ တရားဝင်စေရမည်။

၂၀။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည် အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက်သတင်းလွှာနှင့် အီလက်ထရောနစ်ထိုးမြဲ လက်မှတ်ပေးပို့ခြင်း၊ လက်ခံရယူခြင်းနှင့် သိုမှီးထိန်းသိမ်းခြင်းတို့ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဆောင်ရွက်ရမည်။ သို့ရာတွင် မိမိတို့ အချင်းချင်းသီးခြားသဘောတူညီချက်ရှိပါက ထိုသဘောတူညီသည့် နည်းလမ်းနှင့်အညီ ဆောင်ရွက်နိုင်သည်။

## အခန်း(၉)
## အီလက်ထရောနစ်နည်းပညာဖြင့်ပြုလုပ်သည့်ပဋိညာဉ်များ

၂၁။ ပဋိညာဉ်ပြုလုပ်ရာတွင် ပဋိညာဉ်ပြုသူများအကြား အခြားနည်းဖြင့် သဘောတူချက်မရှိလျှင် ကမ်းလှမ်းခြင်း၊ ကမ်းလှမ်းချက်ကို လက်ခံခြင်းနှင့် အခြားလိုအပ်သော အချက်အလက်ပြုလုပ်ခြင်းတို့ကို အီလက်ထရောနစ် နည်းပညာဖြင့်ဆောင်ရွက်နိုင်သည်။

၂၂။ အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ် အချက်အလက် သတင်းလွှာတို့ကို မူလဆောင်ရွက်ပေးပို့သူ ကိုယ်တိုင်ကဖြစ်စေ၊ ယင်း၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ၊ ကိုယ်တိုင်သို့မဟုတ် ယင်း၏ ကိုယ်စားဆောင်ရွက်ခွင့်ရှိသူက အလိုအလျောက်ဆောင်ရွက်ရန် စီစဉ်ပြုလုပ်ထားသော သတင်းအချက်အလက် စနစ်ဖြင့်ဖြစ်စေ ပေးပို့ခဲ့လျှင် မူလဆောင်ရွက်ပေးပို့သူ၏ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာဖြစ်သည်ဟု မှတ်ယူရမည်။

၂၃။ လက်ခံသူသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့် ကိုက်ညီပါက မူလဆောင်ရွက်ပေးပို့သူ၏ သတင်းအချက်အလက်၊အီလက်ထရောနစ် မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက် သတင်းလွှာအမှန်အဖြစ် သတ်မှတ်ချက်များနှင့်အညီ မှတ်ယူပြီး ဆောင်ရွက်ခွင့်ရှိသည်။

(က) လက်ခံသူနှင့် မူလဆောင်ရွက်ပေးပို့သူတို့ သဘောတူညီထားသည့် နည်းလမ်းနှင့်အညီ အသုံးပြုပေးပို့ခဲ့ခြင်း၊

(ခ) မူလဆောင်ရွက်ပေးပို့သူနှင့် ဆက်နွှယ်မှုရှိသူက ဖြစ်စေ၊ မူလဆောင်ရွက်ပေးပို့သူ၏ကိုယ်စား ဆောင်ရွက်ခွင့်ရှိသူကဖြစ်စေ ပေးပို့သည်ကို လက်ခံသူက လက်ခံရရှိခြင်းဖြစ်ပြီး မူလဆောင်ရွက်ပေးပို့သူအသုံးပြုသည့် နည်းလမ်းဖြင့်ပေးပို့ခဲ့ခြင်း။

၂၄။ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက်သတင်းလွှာကို ပေးပို့ဆဲဖြစ်စေ၊ မပေးပို့မီဖြစ်စေ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည်–

(က) အောက်ပါတစ်နည်းနည်းဖြင့် လက်ခံရရှိကြောင်းကို အသိအမှတ်ပြုနိုင်သည်–

(၁) လက်ခံသူက ကိုယ်တိုင်ဖြစ်စေ၊ အလိုအလျောက်နည်းဖြင့်ဖြစ်စေ၊ အခြားတစ်နည်းဖြင့်ဖြစ်စေ ဆက်သွယ်ပြန်ကြားခြင်း၊

(၂) လက်ခံသူက လက်ခံရရှိပြီးဖြစ်ကြောင်း မူလဆောင်ရွက်ပေးပို့သူသို့ လုံလောက်သောညွှန်ပြမှုတစ်ခုခုပြုလုပ်ခြင်း။

(ခ) လက်ခံရရှိကြောင်း အသိအမှတ်ပြုခြင်းနှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက်ပြုလုပ်နိုင်သည်။

၂၅။ အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက်သတင်းလွှာလက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိမှသာ အတည်ဖြစ်ရမည်ဟု မူလဆောင်ရွက်ပေးပို့သူက–

(က) သတ်မှတ်ထားသည့် ကိစ္စတွင် လက်ခံကြောင်း အသိအမှတ်ပြုချက်ကို လက်ခံရရှိခဲ့ခြင်း မရှိလျှင် မူလဆောင်ရွက်ပေးပို့သူက မည်သည့် အခါမျှ ပေးပို့ခဲ့ခြင်းမရှိဟု မှတ်ယူရမည်။

(ခ) သတ်မှတ်ထားခြင်း မရှိသည့် ကိစ္စတွင် သီးခြားသတ်မှတ်သဘောတူညီထားသည့် အချိန်အတွင်းဖြစ်စေ၊ အချိန်ကို သတ်မှတ်ထားခြင်းမရှိပါက သင့်လျော်သည့် အချိန်အတွင်းဖြစ်စေလက်ခံကြောင်း အသိအမှတ်ပြုချက်ကို မူလဆောင်ရွက်ပေးပို့သူက လက်ခံရရှိခြင်း မရှိလျှင် မူလဆောင်ရွက် ပေးပို့သူသည် ထိုသို့ မရရှိကြောင်း လက်ခံသူသို့ အကြောင်းကြားနိုင်သည်။

၂၆။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့အကြား ပို့လွှတ်သည့် အချိန်နှင့် လက်ခံသည့်အချိန်တို့နှင့် စပ်လျဉ်း၍ သီးခြားသဘောတူညီချက်မရှိလျှင် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ်အချက်အလက် သတင်းလွှာကို–

(က) ပို့လွှတ်သည့် အချိန်သည် မူလဆောင်ရွက်ပေးပို့သူ သို့မဟုတ် ယင်း၏ ကိုယ်စားလှယ်၏ ထိန်းချုပ်မှုပြင်ပရှိ သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့် အချိန်ဖြစ်သည်။

(ခ) လက်ခံသည့် အချိန်သည် အောက်ပါအတိုင်းဖြစ်သည်–

(၁) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့်အချိန်၊

(၂) လက်ခံသူက သတ်မှတ်ထားခြင်းမရှိသော သတင်းအချက်အလက်စနစ်ကို အသုံးပြုခဲ့ပါက လက်ခံသူက လက်ခံရရှိသည့် အချိန်၊

(၃) သတ်မှတ်ထားသော သတင်းအချက်အလက်စနစ်မရှိပါက လက်ခံသူ၏ သတင်းအချက်အလက်စနစ်အတွင်းသို့ ဝင်ရောက်သည့် အချိန်။

၂၇။ မူလဆောင်ရွက်ပေးပို့သူနှင့် လက်ခံသူတို့သည်–

(က) သီးခြားသဘောတူညီချက်မရှိလျှင် မူလဆောင်ရွက်ပေးပို့သူ၏ လုပ်ငန်းတည်ရှိသော နေရာကို ပို့လွှတ်သည့် နေရာဟုလည်းကောင်း၊ လက်ခံသူ၏ လုပ်ငန်းတည်ရှိသောနေရာကို လက်ခံသည့် နေရာဟုလည်းကောင်း မှတ်ယူရမည်။

(ခ) စီးပွားရေးလုပ်ငန်းကို တစ်နေရာထက်ပို၍ လုပ်ကိုင်ပါက အဓိက စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့် နေရာကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့်နေရာမရှိပါက ထိုသူအမြဲတမ်းနေထိုင်သောနေရာကိုလည်းကောင်း၊ အဖွဲ့အစည်းဖြစ်ပါက ဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသောနေရာကိုလည်းကောင်း အမြဲတမ်းနေရပ်လိပ်စာဟုမှတ်ယူရမည်။

## အခန်း (၁၀)
## စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း

၂၈။ ကြီးကြပ်မှုအဖွဲ့သည် သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူက လိုင်စင်စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်ဖြစ်စေ ထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(က) သတ်မှတ်ထားသော ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဂ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၂၉။ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူသည် ငှားရမ်းသုံးစွဲသူက သက်သေခံလက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ဖြစ်စေထိုသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်–

(က) သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ခ) သက်သေခံလက်မှတ်ကို ပယ်ဖျက်ခြင်း။

## အခန်း (၁၁)
## ပြင်ဆင်ပေးရန် လျှောက်ထားခြင်းနှင့်အယူခံခြင်း

၃၀။ (က) သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက သက်သေခံလက်မှတ်ထုတ်ပေးရန်ငြင်းပယ်ခြင်း၊ သက်သေခံလက်မှတ်ကို ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ကြီးကြပ်မှုအဖွဲ့ထံ ပြင်ဆင်ပေးရန်လျှောက်ထားနိုင်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

(ခ) ကြီးကြပ်မှုအဖွဲ့သည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၁။ (က) ကြီးကြပ်မှုအဖွဲ့က လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ သတ်မှတ်ထားသော ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)အရ ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက် တစ်ရပ်ရပ်ကိုဖြစ်စေ မကျေနပ်သူသည် အဆိုပါအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ရက်ပေါင်း ၆၀ အတွင်း ဗဟိုအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ဗဟိုအဖွဲ့သည် ကြီးကြပ်မှုအဖွဲ့က ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၃၂။ ဗဟိုအဖွဲ့က ပုဒ်မ ၃၁၊ ပုဒ်မခွဲ(ခ)အရ ချမှတ်သည့်ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၂)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၃။ မည်သူမဆို အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး နည်းပညာကို အသုံးပြု၍ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ် အနည်းဆုံး ၇ နှစ်မှ အများဆုံး ၁၅ နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(က) နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေသည့် ပြုလုပ်မှုတစ်ရပ်ရပ်ကို ပြုလုပ်ခြင်း၊

(ခ) နိုင်ငံတော်၏လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်၏ စီးပွားရေး သို့မဟုတ် အမျိုးသားယဉ်ကျေးမှုနှင့် စပ်လျဉ်းသည့် နိုင်ငံတော်၏ လျှို့ဝှက်ချက်နှင့် သက်ဆိုင်သော သတင်းအချက်အလက် တစ်ရပ်ရပ်ကို ရယူခြင်း သို့မဟုတ် ပေးပို့ဖြန့်ချိခြင်း။

၃၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားထောင်ဒဏ်ငါးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ် အချက်အလက်သတင်းလွှာ သို့မဟုတ် ကွန်ပျူတာပရိုဂရမ်တစ်ခုလုံးကိုဖြစ်စေ၊ ပရိုဂရမ်တစ်စိတ်တစ်ဒေသကိုဖြစ်စေ မရိုးမဖြောင့်သောသဘောဖြင့် ပေးပို့ခြင်း၊ နှောင့်ယှက်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း သို့မဟုတ် ထိခိုက်ဆုံးရှုံးစေခြင်း၊

(ခ) မူလဆောင်ရွက်ပေးသူနှင့် လက်ခံသူတို့၏ ခွင့်ပြုချက်မရှိဘဲ ကွန်ပျူတာကွန်ရက်အတွင်း ဆက်သွယ်မှုတစ်ခုခုကို ကြားဖြတ်ခြင်း၊ ဆက်သွယ်မှုတစ်ခုခုတွင် ပါဝင်သည့် အချက်တစ်ရပ်ရပ်ကို အသုံးပြုခြင်း သို့မဟုတ် အခြားသူတစ်ဦးသို့ ထုတ်ဖော်ခြင်း၊

(ဂ) ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မရှိဘဲ ထိုသူ၏ လုံခြုံမှုအဆင့်ထားရှိသော အမှတ်၊ စကားဝှက် သို့မဟုတ် အီလက်ထရောနစ် ထိုးမြဲလက်မှတ်ဖြင့် အခြားပုဂ္ဂိုလ်တစ်ဦးဦးသို့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်အသုံးပြုခြင်း၊

(ဃ) အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ ဂုဏ်သိက္ခာကျဆင်းစေရန်ဖြစ်စေ သတင်းအချက်အလက်ကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း၊ ထိုသို့ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်း ပြုလုပ်ထားသည့် သတင်းအချက် အလက်ကို ဖြန့်ချိခြင်း။

၃၅။ မည်သည့်သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူ၊ ယင်း၏အရာရှိ သို့မဟုတ် ဝန်ထမ်းမဆို ကြီးကြပ်မှုအဖွဲ့က ထုတ်ပြန်သော အမိန့်ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်သုံးနှစ်အထိ ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၆။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာနှင့် အမိန့်များပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၇။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ထောင်ဒဏ်တစ်နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(က) သက်သေခံလက်မှတ်ရရှိရန် လျှောက်ထားရာတွင်ဖြစ်စေ၊သက်သေခံလက်မှတ်ကို ရပ်ဆိုင်းရန် သို့မဟုတ် ရုပ်သိမ်းရန် တင်ပြရာတွင်ဖြစ်စေ၊ မိမိ၏အထောက်အထား သို့မဟုတ် အသုံးပြုခွင့်ကို သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူထံသိလျက်နှင့် မမှန်မကန် တင်ပြခြင်း၊

(ခ) ဤဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ ဆောင်ရွက်သော ဗဟိုအဖွဲ့နှင့် ယင်းက တာဝန်လွှဲအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ကြီးကြပ်မှုအဖွဲ့နှင့် ယင်းကတာဝန်လွှဲအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ ဟန့်တားနှောင့်ယှက်ခြင်း၊ တားဆီးခြင်း၊ လက်ရောက်မှုပြုခြင်း သို့မဟုတ် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရန် တောင်းဆိုချက်ကို လိုက်နာရန်ပျက်ကွက်ခြင်း။

၃၈။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပူးပေါင်းကြံစည်၍ ပြစ်မှုမြောက်သောပြုလုပ်မှုကို ပြုလုပ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

## အခန်း(၁၃)
## အထွေထွေ

၃၉။ အစိုးရဌာန၊ အဖွဲ့အစည်းများသည် အောက်ပါကိစ္စရပ်များအတွက် အီလက်ထရောနစ်မှတ်တမ်း သို့မဟုတ် အီလက်ထရောနစ် အချက်အလက်သတင်းလွှာဖြင့် ပြုလုပ်ခြင်းကို တရားဝင်အသိအမှတ်ပြု ဆောင်ရွက်ရမည်-

(က) စာတမ်းအမှတ်အသားများကို တင်သွင်းခြင်း၊ လက်ခံခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း၊

(ခ) ခွင့်ပြုချက်၊ လိုင်စင်နှင့် သဘောတူညီချက်များထုတ်ပေးခြင်း၊

(ဂ) ပေးချေရမည့် ငွေကြေးကိုတောင်းဆိုခြင်း၊ ပေးချေခြင်း၊ လက်ခံခြင်းနှင့် လက်ခံပြေစာထုတ်ပေးခြင်း။

၄၀။ အီလက်ထရောနစ်နည်းပညာဖြင့် ဆက်သွယ်ဆောင်ရွက်သူများသည် အီလက်ထရောနစ်မှတ်တမ်းနှင့် အီလက်ထရောနစ် အချက်အလက်သတင်းလွှာတို့၏ လိုအပ်သည့် လုံခြုံမှု အမျိုးအစားနှင့် အဆင့်တို့ကို သတ်မှတ်ပြီး မိမိတို့၏ လိုအပ်ချက်နှင့် ကိုက်ညီသည့်နည်းလမ်းများကို ရွေးချယ်အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။

၄၁။ ဝန်ကြီးဌာနသည် သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူအဖြစ် ဆောင်ရွက်နိုင်ရန် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်နှင့်စပ်လျဉ်း၍ လိုင်စင်သက်တမ်း၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်ရမည်။

၄၂။ ကြီးကြပ်မှုအဖွဲ့သည် ဤဥပဒေအရ ရရန်ရှိသည့် အခကြေးငွေနှင့် ဒဏ်ကြေးငွေများပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုအခကြေးငွေနှင့် ဒဏ်ကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံခွင့်ရှိသည်။

၄၃။ ဝန်ကြီးဌာနသည်-

(က) အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုအဖွဲ့ အဖွဲ့ဝင်များအား ချီးမြှင့်ငွေ သတ်မှတ်ခံစားခွင့်ပြုနိုင်သည်။

(ခ) ဗဟိုအဖွဲ့၏ရုံးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် စီစဉ်ပေးရမည့်အပြင် ကုန်ကျစရိတ်ကိုလည်း ကျခံရမည်။

၄၄။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၄၅။ ဤ ဥပဒေပါ မည်သည့်ပြစ်မှုကိုမဆို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသည်။

၄၆။ ဤ ဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာ အခြားစာရွက်စာတမ်းများ၊ အထောက်အထားများနှင့်အတူ တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်းတင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၄၇။ သက်သေခံအက်ဥပဒေပုဒ်မ ၄၅ တွင် ရည်ညွှန်းသည့် ကျွမ်းကျင်သူများဆိုသည့်စကားရပ်တွင် ကြီးကြပ်မှုအဖွဲ့၊ ယင်းအဖွဲ့က တာဝန်ပေးအပ်ခြင်းခံရသည့်အဖွဲ့သို့မဟုတ် ပုဂ္ဂိုလ်နှင့်သက်သေခံလက်မှတ်ထုတ်ပေးပိုင်ခွင့်ရှိသူတို့ ပါဝင်သည်ဟု မှတ်ယူရမည်။

၄၈။ မူလဆောင်ရွက်ပေးပို့သူနှင့်လက်ခံသူတို့အကြား ဆက်သွယ်ဆောင်ရွက်သည့် သတင်းအချက်အလက်၊ အီလက်ထရောနစ်မှတ်တမ်း၊ အီလက်ထရောနစ်အချက်အလက်သတင်းလွှာ၊ အီလက်ထရောနစ် ထိုးမြဲလက်မှတ်နှင့် အခြားစာတမ်းအမှတ်အသားများကို အီလက်ထရောနစ်နည်းပညာဖြင့် ပြုလုပ်ထားသည်ဆိုသည့် အကြောင်းပြချက်တစ်ခုတည်းဖြင့် ဥပဒေအရ အကျိုးသက်ရောက်မှု၊ တရားဝင်မှု သို့မဟုတ် အတည်ဖြစ်မှုကို ငြင်းပယ်ခြင်းမပြုရ။

၄၉။ ဤ ဥပဒေအရ လုပ်ငန်းတာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သော ဗဟိုအဖွဲ့နှင့် ယင်းက တာဝန်လွှဲအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ ကြီးကြပ်မှုအဖွဲ့နှင့် ယင်းက တာဝန်လွှဲအပ်ခြင်းခံရသည့်အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်ကိုဖြစ်စေ၊ သက်သေခံလက်မှတ် ထုတ်ပေးပိုင်ခွင့်ရှိသူကိုဖြစ်စေ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခွင့်မရှိစေရ။

၅၀။ ဝန်ကြီးဌာနသည် ဤဥပဒေပါနည်းပညာပိုင်းဆိုင်ရာ စကားရပ်တစ်ခုခု၏ အဓိပ္ပာယ်ကိုရှင်းလင်းပေးရန် လိုအပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၅၁။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင် ပြဋ္ဌာန်းပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှုမရှိသော သို့မဟုတ် ဆန့်ကျင်ကွဲလွဲသော ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များက လွှမ်းမိုးစေရမည်။

၅၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုအဖွဲ့နှင့် ဝန်ကြီးဌာနတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ ကြီးကြပ်မှုအဖွဲ့သည် လိုအပ်သော ညွှန်ကြားချက်များကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

**(ပုံ) သန်းရွှေ**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# လူမှောင်ခိုကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီစည်းဝေး ပြည်ထဲရေးဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဘုန်းဆွေအမှာစကားပြောကြား

ရန်ကုန် မေ ၃၀

**မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီ လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ၏ (၁/၂၀၀၄)အစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက အဖွင့်အမှာစကားပြောကြားပြီးလုပ်ငန်းကော်မတီအတွင်းရေးမှူး ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ်ဝင်းမြိုင်က မြန်မာနိုင်ငံသည် ကုလသမဂ္ဂနိုင်ငံ ဖြတ်ကျော်မှုခင်းဆိုင်ရာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ဖြစ်လာမှုအခြေအနေနှင့် နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ လိုက်လျောညီထွေ ဖြစ်စေရန်အလို့ငှာ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေတစ်ရပ်ပြဋ္ဌာန်းရေးနှင့်ပတ်သက်၍ ဆက်စပ်ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

### ဖြည့်စွက်အကြံပြု

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိ ပုဂ္ဂိုလ်များက လိုအပ်ချက်များကို ဖြည့်စွက်အကြံပြု ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)


**မြန်မာနိုင်ငံကြက်ခြေနီအသင်း**
**ထူးချွန်ကြက်ခြေနီတွေ့ဆုံပွဲ**
**မေလ (၅)၊ (၁၁) ရက်**
**အမှတ်(၂)၊ အခြေခံပညာအထက်တန်းကျောင်း၊**
**လသာမြို့နယ်၊ ရန်ကုန်မြို့။**





**World Red Cross Day-2004**
**ကမ္ဘာ့ကြက်ခြေနီနေ့**
**ခွဲခြားဆက်ဆံမပြုရန် ကြက်ခြေနီ၏စိတ်ထားမှန်**
**STOP DISCRIMINATION**
၂၀၀၄ ခုနှစ်၊ မေလ (၈) ရက်
မြန်မာနိုင်ငံကြက်ခြေနီအသင်း


**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Yuji Miyamoto မေ ၃၀ ရက်က ဝန်ကြီး၏ ရုံးခန်းသို့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

**အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ (၂/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးတွင် အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)**

*✻ ကျောဖုံးမှ*

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဒုတိယ ဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်က ၂၀၀၄ ခုနှစ် မေ ၁၇ ရက်တွင် ကျင်းပမည့် အမျိုးသားညီလာခံ အတွက် လုပ်ငန်းကော်မတီက ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်က အမျိုးသား ညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ဝန်ထမ်းများအား တာဝန်ချထားသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီဝင်များက အထွေထွေကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေး တင်ပြကြပြီး အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ် အမှာစကား ပြောကြားကာ (၂/၂၀၀၄) ကြိမ်မြောက် အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင်အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်နှင့် လုပ်ငန်းကော်မတီဝင်များသည် အမျိုးသား ညီလာခံကျင်းပမည့် ပြည်ထောင်စုခန်းမအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ လုပ်ငန်းကော်မတီ ရုံးဝင်းအတွင်းရှိ အစုအဖွဲ့များမှ ကိုယ်စားလှယ်များ ဆွေးနွေးကြမည့် ဆွေးနွေးပွဲခန်းမများနှင့် လုပ်ငန်းကော်မတီ အစည်းအဝေးခန်းများ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(သတင်းစဉ်)**

# ပြန်တမ်းဝင်အရာရှိသစ်များအခြေခံသင်တန်းဆင်းပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ စွမ်းအင်ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်ဆုချီးမြှင့်

ရန်ကုန် ဧပြီ ၃၀

**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယနေ့နံနက်ပိုင်းတွင် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း သကေတ ရေနံအခြေစိုက်စခန်း သင်တန်းခန်းမဆောင်၌ ကျင်းပသည့် ပြန်တမ်းဝင် အရာရှိသစ်များ အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။ ဝန်ကြီးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး(**အောက်ပုံ**) ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) အကြို ဝန်ထမ်းလောင်း သင်တန်း အမှတ်စဉ် (၁၅)တွင် သင်တန်းသား စံပြဆုသင်တန်းသားစာမေးပွဲဆုသေနတ်ပစ် ထူးချွန်ဆုများရရှိပြီး ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသား အရာရှိသစ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

**သင်ကြားပို့ချ**

ပြန်တမ်းဝင် အရာရှိသစ်များ အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄) သို့ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံရှာဖွေရေးနှင့်ဖွံ့ဖြိုးရေးဌာန၊ ရေနံတူးဖော်ရေးဌာန၊ ရေနံထုတ်လုပ်ရေးဌာန၊ အုပ်ချုပ်ရေးဌာန၊ အင်ဂျင်နီယာလုပ်ငန်းဌာနတို့မှ ပြန်တမ်းဝင် အရာရှိသစ် ၆၈ ဦး တက်ရောက်ကြသည်။ သင်တန်းတွင် မြန်မာနိုင်ငံ ကုန်းပိုင်း ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ အထွေထွေ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့် လုပ်ငန်းခွင် စည်းကမ်းဆိုင်ရာများကို သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြို့တော်အတွင်း မြို့နယ်များနှင့်နယ်မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားခေတ္တပိတ်မည်

**ရန်ကုန် ဧပြီ ၃၀**

ရန်ကုန်မြို့ အလုံနှင့် ရွာမ ဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံများသို့ ဓာတ်ငွေ့ ပို့လွှတ် ပေးနေသော ညောင်တုန်း-ရွာမ ၁၄ လက်မဓာတ်ငွေ့ပိုက်လိုင်းအား ပိုက်လိုင်းပေါင်းခြင်းလုပ်ငန်းများကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မေ ၁ ရက်၊ ၂ ရက်နှင့်၃ရက်တို့တွင် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်မည်ဖြစ်သည်။

၎င်းလုပ်ငန်းဆောင်ရွက်စဉ် အလုံဓာတ်အားပေးစက်ရုံနှင့် ရွာမဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပေးစက်များနှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်တို့ကို မေ ၁ ရက်နှင့် ၂ ရက်တို့တွင်လည်းကောင်း၊ ရွာမစက်ရုံမှ ဓာတ်ငွေ့တာဘိုင်များကို မေ ၃ ရက်အထိ လည်းကောင်းရပ်ထားမည်ဖြစ်သည်။ ထိုရက်များတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိနေရာဒေသအချို့အား လျှပ်စစ်ဓာတ်အား ခေတ္တပိတ်ထားမည် ဖြစ်ကြောင်းနှင့် ညနေ ၆ နာရီ နောက်ပိုင်းအချိန်များတွင် ပုံမှန်အတိုင်း ဓာတ်အားဖြန့်ဖြူးပေးထားမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော် လန်ဒန်၌ကျင်းပ

**ရန်ကုန် ဧပြီ ၃၀**

မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၈ ရက် နံနက် ၁၁ နာရီခွဲမှ ညနေ ၃ နာရီ အထိ ယူကေနိုင်ငံ၌ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအတွက် မြန်မာအသင်းကြီး (ယူကေ)၏ ဦးဆောင်မှုဖြင့် အသင်းကြီး၏ အမြဲတမ်းနာယက ယူကေနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး နေအိမ် မြက်ခင်းပြင်၌ အောင်မြင်စွာ ကျင်းပသည်။

အခမ်းအနားသို့ သင်္ကြန်မိုးရွာသွန်းနေသော်လည်း မြန်မာအသင်းကြီး (ယူကေ)၏ နာယကများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ အသင်းသားများ၊ အခြားမြန်မာနိုင်ငံသားများ၊ မိတ်ဆွေ ဗြိတိသျှနိုင်ငံသားများ အပါအဝင်စုစုပေါင်း ၂၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

**မြန်မာအကများဖျော်ဖြေ**

သင်္ကြန်ပွဲတော် အခမ်းအနားတွင် ယူကေနိုင်ငံရောက် မြန်မာတေးဂီတဝါသနာရှင်များကလည်း မြန်မာသင်္ကြန်သီချင်းများကို သီဆိုကြပြီး မြန်မာအကများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် Liverpool မြို့ရှိ Myanmar Bando-Thaing Martial Art အဖွဲ့မှခေါင်းဆောင် Master "Saya" Richard Morrisနှင့် ချန်ပီယံ Mr. Paul Keogh တို့ ခေါင်းဆောင်ကာ မြန်မာဗန်ဒို-သိုင်းစွမ်းရည် သရုပ်ပြဖြင့်လည်း ဖျော်ဖြေကြသည်။

ထို့အပြင် အသင်းသားအသင်းသူများက မြန်မာ့ရိုးရာ စားသောက်ဖွယ်ရာများကို စျေးနှုန်း ချိုသာစွာဖြင့် စုံလင်စွာရောင်းချကြသည်။

**စည်းလုံးညီညွတ်**

မြန်မာအသင်းကြီး(ယူကေ)က ဦးဆောင်၍ ယူကေနိုင်ငံရောက် မြန်မာမိသားစုများ၊ ကျောင်းသားကျောင်းသူများ စည်းလုံးညီညွတ်စွာဖြင့် ကျင်းပခဲ့သော သင်္ကြန်ပွဲတော်ကို ညနေ၃နာရီတွင်အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရွှေရတုဝိဇ္ဇာတမွေးနေ့ကျင်းပမည်

**ရန်ကုန် ဧပြီ ၃၀**

နိုင်ငံတော်အစိုးရမှ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် ကုမာရာ ရာမတိုက် ရေနံ့သာတောရပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တပညာသာမိထေရ်၏ ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် နှစ်(၅၀) ပြည့် ကုမာရာရာမတိုက် ရွှေရတုမင်္ဂလာဆရာတော်၏ နှစ်(၅၀) ပြည့် ရွှေရတုဝိဇ္ဇာတမွေးနေ့နှင့်အလှူရှင်များ၏ သာသနိကဆိုင်ရာ လှူဒါန်းမှုများရေစက်ချ အလှူတော်မင်္ဂလာ အခမ်းအနားများကို မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက် ၅ နာရီတွင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ် ကုမာရာရာမ တိုက် ဗုဒ္ဓဝိဟာရ ရွှေရတုဗိမာန်၌ ကျင်းပသွားမည်ဖြစ်သည်။ ပင့်သံဃာ ၁၀၀ ကျော်အား ဆွမ်းကပ်လှူဒါန်းခြင်း၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဧည့်ပရိသတ် အပေါင်းအား စတုဒိသာ ဧည့်ခံကျွေးမွေးခြင်းများပြုလုပ်သွားမည်ဖြစ်ပြီး ပင့်သံဃာ ၁၀၀ ကျော်တို့အား ခရီးဆောင်အိတ်တစ်လုံး ကျပ် ၇၀၀၀ နှုန်း၊ သင်္ကန်းဒွိစုံ (စီဝိုင်စီ)၊ ကျပ်၃၅၀၀ နှုန်း၊ ထီးတစ်လက် ကျပ်၁၀၀၀နှုန်း၊ ဖိနပ်တစ်ရန် ကျပ်၁၅၀၀ နှုန်း၊ ခြင်းတစ်လုံး ကျပ် ၅၀၀နှုန်း၊ ဆပ်ပြာ၊ ဆပ်ပြာခွက်၊ သွားတိုက်တံ တစ်စုံ ကျပ် ၁၅၀၀နှုန်း တစ်ပါးချင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

# ၁၀ရက် တရားစခန်း

**ရန်ကုန် ဧပြီ ၃၀**

အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်း မြို့မဈေးအနီး မြို့သစ်ဓမ္မာရုံကျောင်းတိုက်တွင် ကဆုန်လဆန်း ၁၃ရက်(မေ ၁ ရက်) စနေနေ့မှကဆုန်လပြည့်ကျော်၇ရက်(မေ၁၀) ရက်အထိ ပြည်တွင်းပြည်ပ မဟာစည်ရိပ်သာများနာယက၊ဓမ္မကထိကကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တကုသလ(သရက်)၊ အင်စိန်မြို့ မြို့သစ်ဓမ္မာရုံကျောင်းတိုက် ပဓာနနာယက မဟာစည်ကမ္မဋ္ဌာနာစရိယ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တပညာဝရနှင့် မဟာစည်ဓမ္မကထိကကမ္မဋ္ဌာနာစရိယ ဆရာတော်များ၏ ဦးဆောင်မှုဖြင့် မဟာစည်မဟာသတိပဋ္ဌာန် ဝိပဿနာ၁၀ ရက်စခန်း တရားအားထုတ်ပွဲကျင်းပမည်ဖြစ်သည်။ တရားစခန်း ဝင်လိုသူယောဂီများသည်အဆိုပါကျောင်းတိုက်သို့ကြိုတင်၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြသော မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ) ခေါင်းဆောင်သောမြန်မာ စာရေးဆရာအဖွဲ့ ဧပြီ ၃၀ရက်က ပြန်လည်ရောက်ရှိစဉ်။(သတင်းစဉ်)**

# အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဘဏ္ဍာ/အခွန်အသင်း ချန်ပီယံဆုဆွတ်ခူး

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် ၂၀၀၃–၂၀၀၄ ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄ နာရီတွင် လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာ/အခွန် အသင်းက မြို့တော်စည်ပင်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

ဘဏ္ဍာ/အခွန်အသင်းသည်မြို့တော်စည်ပင်အသင်းကို သရေကစားရုံနှင့် အမှတ်ပေးချန်ပီယံဆွတ်ခူးမည် ဖြစ်သော်လည်း ခြေစွမ်းပြ အနိုင်ကစားကာ ထိုက်ထိုက်တန်တန် ဗိုလ်စွဲသွားသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၃၀ တွင် စိုးလင်းထွန်းက သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို ဘဏ္ဍာ/အခွန်အသင်းမှ စိုးမြတ်မင်းက ရရှိသည်။

ဘဏ္ဍာ/အခွန် အသင်းသည် ယနေ့ပွဲစဉ်အပြီးတွင် ၁၄ပွဲ ကစား၊ (၃၉)မှတ်ဖြင့် ပွဲမကုန်မီ အမှတ်ပေးချန်ပီယံဆုဆွတ်ခူးသွားခြင်းဖြစ်သည်။ ဘဏ္ဍာ/အခွန်အသင်းသည် မေ ၇ရက်တွင် စီးပွား/ကူးသန်းအသင်းနှင့် ကစားရန် ကျန်ရှိနေသေးသော်လည်း အရှုံးအနိုင် အရေးမပါတော့ပေ။ ဘဏ္ဍာ/အခွန်အသင်းသည် ယမန်နှစ်ဘောလုံးရာသီက ဂိုးအရေအတွက် အသာဖြင့် ပထမရရှိခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စီးပွား/ကူးသန်းအသင်းကို ရှုံးခဲ့သည့်တိုင် သုံးမှတ်အသာဖြင့်ဗိုလ်စွဲမည်ဖြစ်သည်။

**ဆောက်လုပ်ရေးနိုင်**

အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသော ဆောက်လုပ်ရေးအသင်းနှင့် တပ်မတော်(ကြည်း)အသင်းပွဲစဉ်တွင် ဆောက်လုပ်ရေးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ဆောက်လုပ်ရေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ၈၈ မိနစ်တွင် လာကျဲအိုလွယ်က သွင်းယူပေးသည်။ ပွဲစဉ်အလိုက် အကောင်းဆုံးဆုကို တပ်မတော် (ကြည်း)အသင်းမှ ဂိုးသမား သိန်းဇော်ထိုက်က ရရှိသည်။

**(မြန်မာ့အလင်း)**

# (၂၇)နှစ်မြောက် မင်္ဂလာဆုမွန်

ချစ်ဖေဖေ ဗိုလ်မှူးကြီးသန်းညိန်း(ဒုဉက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်)နှင့် ချစ်မေမေ ဒေါ်ခင်သွယ်သွယ်မြင့်(ဒုညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)တို့၏ ၁–၅–၂၀၀၄ ရက်တွင် ကျရောက်သော (၂၇)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သားများနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် တိုင်းပြည်အကျိုးကို အောင်မြင်စွာ ထမ်းဆောင်နိုင်စေရန် ဆုမွန်ချွေလျက်–

**ချစ်သားကြီး–ဗိုလ်နိုင်ညိန်း (M.B.,B.S)**
**ချစ်သားငယ် – ဗိုလ်လောင်းချမ်းညိန်း**

# (၁၆) နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်သော ဖေဖေ ဒုတိယဗိုလ်မှူးကြီးအုန်းမောင် (ငြိမ်း) (မြင်းမူ မောင်နိုင်မိုး)နှင့် ချစ်သော မေမေ ဒေါ်ခင်အေးမူတို့၏ (၁၆) နှစ်မြောက် မင်္ဂလာနေ့ ၁–၅–၂၀၀၄ ရက်မှစ၍ ငွေရတု၊ ရွှေရတု၊ စိန်ရတု မင်္ဂလာနေ့များတိုင် ချစ်သား ချစ်သမီးများနှင့်အတူ ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

**သားကြီး–မြတ်သူရမောင်၊ ဒသမတန်း (အထက–၂၊ ဗဟန်း)**
**သမီးလတ်–မြတ်သီရိမောင်၊ ဆဋ္ဌမတန်း (အလက–၁၊ ရန်ကင်း)**
**သားငယ်–မြတ်သီဟမောင်၊ သူငယ်တန်း (အလက–၁၊ ရန်ကင်း)**

**တန်ပြန်ရိုက်ချက်**

**အမျိုးသမီး အလွတ်တန်းတင်းနစ်ဗိုလ်လုပွဲတွင် ကြည်မြဇော်၏ ရိုက်ချက်ကို အေမီထွန်းက တန်ပြန်ရိုက်စဉ်။ (အဆိုပါပွဲတွင် အေမီထွန်းက နှစ်ပွဲပြတ် ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။)**
**(မြန်မာ့အလင်း)**

# (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကနူးလှေလှော်ပြိုင်ပွဲ၌ မြန်မာရွှေနှစ်ခုတိုးရရှိ ရွှေတံဆိပ် ၁၆ ခုမှ ၁၈ ခုသို့ ပြောင်းလဲသတ်မှတ်

**ရန်ကုန် ဧပြီ ၃၀**

၂၀၀၃ ခုနှစ် (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ အရှေ့တောင်အာရှအားကစားပြိုင်ပွဲအဖွဲ့ချုပ်၏ ၂၀၀၄ ခုနှစ် မတ် ၃၁ ရက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အဖွဲ့ချုပ်အဖွဲ့ဝင် အမျိုးသားအိုလံပစ်ကော်မတီများ၏ဥက္ကဋ္ဌများထံလိပ်မူလျက် သတင်းထုတ်ပြန်ချက်အရ ကနူးလှေလှော်အမျိုးသားပြိုင်ပွဲမီတာ ၅၀၀ (C1)နှင့် မီတာ ၁၀၀၀ (C1) ပြိုင်ပွဲများတွင် တားမြစ်ဆေးဝါးသုံးစွဲခဲ့သော ဗီယက်နမ်နိုင်ငံမှ ပထမရွှေတံဆိပ်ဆုရ အားကစားသမားကို အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ စည်းမျဉ်းစည်းကမ်းအရလိုအပ်သော အရေးယူမှုများပြုလုပ်ခဲ့သဖြင့် အဆိုပါပြိုင်ပွဲနှစ်ရပ်စလုံးတွင် ဒုတိယရရှိခဲ့သူ မြန်မာနိုင်ငံမှ အောင်လင်းသည် ပထမရွှေတံဆိပ်နှစ်ဆုရရှိခဲ့သည်။

သို့ဖြစ်ရာ (၂၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့်စုစုပေါင်း ရရှိခဲ့သည့် ရွှေတံဆိပ် စုစုပေါင်း ၁၆ ခုမှ ၁၈ ခုသို့အတည်ပြုပြောင်းလဲသတ်မှတ်ကြောင်းသတင်းရရှိသည်။

**(သတင်းစဉ်)**

# အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲ အမျိုးသမီး ပြိုင်ပွဲ၌အေမီထွန်းဗိုလ်စွဲ

**ရန်ကုန် ဧပြီ ၃၀**

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူးကျင်းပသည့် အဖွဲ့ချုပ်ဥက္ကဋ္ဌဖလားတင်းနစ်ပြိုင်ပွဲများကို သိမ်ဖြူတင်းနစ်ကွင်းတွင် ဆက်လက်ကျင်းပရာ အမျိုးသမီးအလွတ်တန်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် အေမီထွန်းက ကြည်မြဇော်ကို ၆–၁၊၆–၀ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။ ဒုတိယကြည်မြဇော်၊ ပူးတွဲတတိယ ထားထားလွင်နှင့် ချစ်စုရည်တို့ရရှိသွားကြသည်။ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲဗိုလ်လုပွဲကို မေ ၁ ရက်နံနက်ပိုင်းတွင် အေမီထွန်းနှင့် ကြည်မြဇော်အတွဲနှင့် ထားထားလွင်နှင့် ချစ်စုရည်အတွဲတို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**ဗိုလ်လုပွဲတက်**

အမျိုးသမီးအသက် (၁၄)နှစ်အောက်အကြိုဗိုလ်လုပွဲတွင် ခိုင်ငြိမ်းသာက နှင်းလပြည့်ကို ၆–၁၊ ၆–၀ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့် လည်းကောင်း၊ သက်မာထွန်းက သန္တာအောင်ကို ၆–၁၊ ၆–၄ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။ အမျိုးသမီးအသက် (၁၀)နှစ်အောက်ဗိုလ်လုပွဲတွင် ဝင်းသဇင်ထိုက်က နှင်းနှင်းအေးကို ၆–၁၊၆–၂ဖြင့် အနိုင်ရရှိပြီး ဗိုလ်စွဲသွားသည်။

အမျိုးသားအသက် (၁၂)နှစ်အောက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် အောင်ကိုဦးက တင်မျိုးဝေကို ၆–၂၊ ၆–၂ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့်လည်းကောင်း၊ ရာဇာထွန်း(မူဆယ်)က ကျော်မြင့်သန်းကို ၃–၆၊ ၆–၁၊ ၆–၃ဖြင့် နှစ်ပွဲ တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားအသက် (၁၄)နှစ်အောက်ပြိုင်ပွဲအကြိုတွင် အောင်ကျော်နိုင်က ကျော်သူကို ၆–၀၊ ၆–၀ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အမျိုးသားအသက်(၁၆)နှစ်အောက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် ဝင်းထက်ပိုင်က အေးချမ်းသူကို ၆–၀၊၆–၂ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့်လည်းကောင်း၊ သန်းဇော်ထွန်းက အဇီးကို ၆–၁၊ ၆–၁ဖြင့် နှစ်ပွဲ ပွဲမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်သွားသည်။

မေ ၁ ရက်(ယနေ့)တွင် အမျိုးသားအသက် (၆၀) အထက်နှစ်ယောက်တွဲပြိုင်ပွဲတွင် ခင်မောင်ဝင်းနှင့် ဟားဘက်အတွဲ၊ ကျော်ခင်နှင့် ကျော်မောင်အတွဲတို့ဗိုလ်လုပြီး အသက်(၅၅)နှစ်အထက်တစ်ဦးချင်းပြိုင်ပွဲဗိုလ်လုပွဲတွင် ဗိုလ်ချုပ်ကျော်ဝင်းနှင့်မြန်မာ့လက်ရွေးစင်ဟောင်း ဦးမောင်မောင်လေးတို့ ဗိုလ်လုပွဲဆင်နွှဲကြမည်ဖြစ်သည်။ ဆုပေးပွဲကို ပြိုင်ပွဲအပြီးတွင် ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

# မြဝတီရုပ်မြင်သံကြား

**၁–၅–၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော် **“တေဝိဇ္ဇသုတ်”**
- ၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
- ၉:၁၁ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၁၅ ၄။ ချစ်သူစုံတွဲ တူယှဉ်နွဲ
- ၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၅၀ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Legal Forms and Business Organization (စီးပွားရေး၊ စီးပွားစီမံ)
- ၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ English Premier League ဘောလုံးပွဲ Arsenal Vs Birmingham City
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၅။ လျှပ်တစ်ပြက်
- ၁၆။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
- ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သစ္စာမဏ္ဍိုင်”**(အပိုင်း–၃၈)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ် (လှိုင်သာယာ)နှင့် မန္တလေးနည်းပညာတက္ကသိုလ်များတွင် ၂၀၀၄–၂၀၀၅ ပညာသင်နှစ်အတွက် ၂၀၀၄ခုနှစ် မေလ ၂၇ ရက်တွင် စတင်ဖွင့်လှစ်မည့် အောက်ပါ မဟာအင်ဂျင်နီယာဘွဲ့သင်တန်းများအတွက် လျှောက်လွှာများခေါ်ယူအပ်ပါသည်။

**ဖွင့်လှစ်မည့်သင်တန်းများ**

| | |
|---|---|
| (၁) M.E(Civil) | (၈) M.E(Mining) |
| (၂) M.E(Mechanical) | (၉) M.E(Textile) |
| (၃) M.E(Electrical Power) | (၁၀) M.E(Petroleum) |
| (၄) M.E(Electronic) | (၁၁) M.E(Metallurgy) |
| (၅ M.E(Information Technology) | (၁၂) M.E(Aeronautical) |
| (၆) M.E(Mechatronic) | (၁၃) M.E(Architecture) |
| (၇) M.E(Chemical) | |

၂။ လျှောက်ထားလိုသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) လျှောက်ထားသူနှင့် ၎င်း၏မိဘနှစ်ပါး သုံးဦးစလုံးသည် မြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) သက်ဆိုင်ရာ အဓိကဘာသာရပ်ဖြင့် B.E, B.Arch ဘွဲ့ရရှိပြီး မဟာအင်ဂျင်နီယာသင်တန်းသို့ တက်ရောက်ရန်အဆင့်မီသူများသာ လျှောက်ထားနိုင်သည်။
(ဂ) သင်တန်းသို့ အချိန်ပြည့် တက်ရောက်နိုင်သူဖြစ်ရမည်။
(ဃ) သင်တန်းစတင်မည့် ၂၇–၅–၂၀၀၄ရက်တွင် အသက် ၃၅ နှစ်ထက် မကျော်လွန်သူများ လျှောက်ထားနိုင်သည်။
(င) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်းထောက်ခံချက်တင်ပြရမည်။

၃။ မန္တလေးနည်းပညာတက္ကသိုလ်တွင် အောက်ပါနည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် မန္တလေးနည်းပညာတက္ကသိုလ်တွင် လျှောက်ထားရမည်။

မန္တလေးနည်းပညာတက္ကသိုလ်၊ မြစ်ကြီးနား GTC၊ ဗန်းမော်GTC၊ လားရှိုး GTC၊ ကလေးGTC၊ မုံရွာGTC၊ မန္တလေးGTC၊ ကျောက်ဆည်GTC၊ မိတ္ထီလာ GTC၊ မကွေးGTC၊ ပခုက္ကူGTC၊ အေးသာယာGTC၊ ကျိုင်းတုံ GTC၊ လွိုင်ကော်GTC၊ ပင်လုံ GTC။

၄။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် အောက်ပါ နည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများကို လက်ခံသင်ကြားပေးမည်ဖြစ်၍ အဆိုပါ နည်းပညာတက္ကသိုလ်/ နည်းပညာကောလိပ်များမှ အောင်မြင်သူများသည် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ)တွင် လျှောက်ထားရမည်။

ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ ပြည် နည်းပညာတက္ကသိုလ်၊ တောင်ငူ GTC၊ ပြည် GTC၊ စစ်တွေ GTC၊ ဟင်္သာတ GTC၊ ပုသိမ် GTC၊ မော်ဘီ GTC၊ သန်လျင် GTC၊ မြိတ် GTC၊ မော်လမြိုင် GTC၊ မအူပင် GTC၊ ဘားအံ GTC၊ ထားဝယ် GTC။

၅။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် သက်ဆိုင်ရာ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်(လှိုင်သာယာ) နှင့် မန္တလေးနည်းပညာ တက္ကသိုလ်များတွင် ၁၄–၅–၂၀၀၄ရက် နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ အခြားသိလိုသည်များရှိပါက ရန်ကုန်နည်းပညာတက္ကသိုလ် (ကြို့ကုန်း) ဖုန်း–၀၁–၆၄၂၅၆၀၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်(လှိုင်သာယာ) ဖုန်း–၀၁–၇၁၀၇၀၆နှင့် မန္တလေးနည်းပညာတက္ကသိုလ် ဖုန်း–၀၂–၈၈၇၅၆ ကျောင်းသားရေးရာဌာနများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

**ထွန်းဖောင်ဒေးရှင်းဘဏ်မှဦးရွှေလှ (တွဲဖက် အုပ်ချုပ်မှုဒါရိုက်တာ)၊ ဦးတင်မောင်ဝင်း (ဒုတိယအထွေထွေ မန်နေဂျာ)၊ တို့က မြန်မာ့အလင်း သတင်းစာတိုက်သာသနာ့ဝိပဿနာရိပ်သာဘာသာ အသင်းကကြီးမှူးကျင်းပမည့် (၂၆)ကြိမ်မြောက် ဒုလ္လဘရဟန်းခံ အလှူတော်မင်္ဂလာအတွက် ငွေကျပ်တစ်သိန်းကို ဧပြီ ၃၀ ရက်က လာရောက်လှူဒါန်းရာ စာတည်းမှူးချုပ်ကိုယ်စား မန်နေဂျာ ဦးဇော်ဝင်းက လက်ခံရယူစဉ်။** (မြန်မာ့အလင်း)

**မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ**

## ရွှေတောင်မြို့နယ်တွင်သိမ်ဟောင်းတစ်ခုပြန်လည်ပြုပြင်ရန် မဟာရံတံတိုင်းပတ်လည်တူးဖော်ရာမှ ရဟန္တာ့ဓာတ်တော်များတွေ့ရှိ

**ရန်ကုန် မေ ၃၀**

ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ရွှေတောင်မြို့နယ် ဖိုးသိန်းတန်ကျေးရွာအနီး သိမ်ဟောင်းတစ်ခုကို ရွှေနတ်တောင်မဲ့ရှင်ဆရာတော် ဦးခေမာစာရကဦးစီး၍ ပြန်လည်ပြုပြင်ရန် သိမ်၏မဟာရံတံတိုင်းပတ်လည်ကို ဧပြီလအတွင်းတွင် တူးဖော်ရာမှ တံတိုင်းတစ်ဖက်လျှင် ရဟန္တာ့ဓာတ်တော့၂၀၊ တံတိုင်းလေးဘက်တွင် စုစုပေါင်းရဟန္တာ့ဓာတ်တော့ ၈၀ တူးဖော်တွေ့ရှိရသည်။ ရဟန္တာ့ဓာတ်တော်တို့ကို အုတ်မြေသရွတ်တို့ဖြင့် ပြုလုပ်ထားပြီး ရုပ်ထုအမြင့်မှာ ၂ပေ ၃လက်မခန့်ရှိသည်။ အနောက်တောင် ဘက်ရှိ ရဟန္တာ့ဓာတ်တော် တစ်ဆူသာလျှင် ဘူမိဖဿမုဒြာပုံတော်ဖြစ်ပြီး ကျန်ရဟန္တာ့ဓာတ်တော်များမှာ စျာနမုဒြာပုံတော်များဖြစ်ကြသည်။

သိမ်တော်မှာ အလျား ၃၂ပေ ၆လက်မ၊ အနံ၂၆ပေရှိပြီး လက်ရှိအမြင့်၁၂ပေ၆လက်မကျန်ရှိပြီး အုတ်နံရံများ အက်ကွဲပျက်စီးလျက်ရှိသည်။ သိမ်၏မဟာရံတံတိုင်းမှာ အရှေ့အနောက် ၁၁၅ပေ၊ တောင်မြောက် ၁၀၈ ပေ ရှိသည်။ အားလုံးပြိုကျပြီး အုတ်ကုန်းများဖြစ်ကုန်၍ ဆရာတော်သည် မဟာရံတံတိုင်းကို ပြန်လည်တည်ဆောက်ရန် တူးဖော်ရာမှ ရဟန္တာ့ဓာတ်တော်များ ပေါ်ထွက်တွေ့ရှိရခြင်းဖြစ်သည်။

၎င်းသိမ်တော်ကြီးမှာ ကုန်းဘောင်ခေတ်ပုဂံမင်းလက်ထက် ရွှေတောင်မြို့ဝန်ဦးမှူ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်းသိမ်ဖြစ်ကြောင်း သိရှိရသည်။ သိမ်တော်ကြီး၏ ထောင့်လေးထောင့်ရှိ စေတီလေးဆူမှာလည်း ပြိုကျပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသည်။ ၎င်းရှေးဟောင်းသိမ်နှင့် မဟာရံတံတိုင်းပတ်လည်ရှိ ရဟန္တာ့ဓာတ်တော်တို့အား ရွှေနတ်တောင်မဲ့ရှင်ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ရှေးဟောင်းသုတေသနဦးစီးဌာန ပြည်ဌာနစု၏ ကြီးကြပ်မှုဖြင့် ရှေးမူမပျက် ပြုပြင်တည်ဆောက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## စည်ပင်သာယာဈေးများတိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေစစ်ဆေး သန့်ရှင်းလတ်ဆတ်သည့်စားသောက်ကုန်များရောင်းချရေးမှာကြား

ရန်ကုန် မေ ၃၀

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မေ ၂၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ရှိ စည်ပင်သာယာဈေးများသို့ သွားရောက်၍ ဈေးများအတွင်း ဈေးရောင်း၊ ဈေးဝယ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။**

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့သည် နံနက် ၈နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အင်းစိန် စည်ပင်သာယာဈေးကြီးသို့ရောက်ရှိ၍ အင်းစိန်စည်ပင်သာယာဈေးကြီး **(အပေါ်ပုံ)** အတွင်း အဝတ်အထည် အရောင်းဆိုင်များ၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ ကုန်ခြောက် အရောင်းဆိုင်များ၊ စားသောက်ကုန် အရောင်းဆိုင်များနှင့် ဟင်းသီးဟင်းရွက် အရောင်းဆိုင်များ၏ အခြေအနေများကို လည်းကောင်း၊ အင်းစိန် ဗိုလ်ကုန်းစည်ပင်သာယာဈေးအတွင်းရှိ ဈေးဆိုင်များ အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာန ဌာနမှူး ဦးစိုးမြင့်က ဈေးများ အခြေအနေနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသသည်။

**မှာကြား**

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေက တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ စည်ပင်သာယာ ဈေးများအတွင်း ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရန် သန့်ရှင်းလတ်ဆတ်သည့် စားသောက်ကုန်ပစ္စည်းများကို အလေးချိန်ခွင်ပြည့်မီစွာဖြင့် ရောင်းချပေးရေး၊ ဈေးအတွင်း အနံ့အသက်ဆိုးများ ကင်းစင်စေရန် ဈေးဆိုင်များတွင် အမှိုက်ပုံးများထားရှိပြီး စနစ်တကျ အမှိုက်စွန့်ပစ်ရေး၊ ရေနုတ်မြောင်းများ အစဉ်ကောင်းမွန်စေရန် ပြုပြင်ဆောင်ရွက်ကြရေးတို့ကို မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မေ ၂၇ရက်က ညောင်ပင်လေးဈေး ပလာဇာ (Private Market)ဈေးသူဈေးသားများမှ လှူဒါန်းသော (Light Truck) ၆ခ/၄၆၈၄ ပစ်ကတ်တစ်စီးကို ဈေးမိသားစု နာယကအဖွဲ့မှ ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် နာရေးကူညီမှုအသင်း ရန်ကုန်သို့ လှူဒါန်းရာ ဥက္ကဋ္ဌ ဦးအေးသန့်နှင့် ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ (ရုပ်ရှင်သရုပ်ဆောင်) တို့က လက်ခံယူကြစဉ်။**

(က-ပ)

## နယ်စပ်/ စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း ဗဟိုလေ့ကျင့်ရေးကျောင်းသင်တန်းများဖွင့်ပွဲ တက်ရောက်

ရန်ကုန် မေ ၃၀

**အိမ်တွင်းမှု အဆင့်မြင့်စက်ချုပ်သင်တန်းအမှတ်စဉ်(၆)၊ အခြေခံအင်ဂျင်နီယာသင်တန်းအမှတ်စဉ်(၆)၊ စီမံခန့်ခွဲရေးသင်တန်းအမှတ်စဉ်(၁၈)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၃၁)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၃၂) သင်တန်းများဖွင့်ပွဲကို မေ ၂၆ရက် နေ့နံနက် ၈နာရီက ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်အမှတ်(၅၁)ရပ်ကွက်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဗိုလ်မှူးချုပ်သန်းထွန်း တက်ရောက်အမှာစကား ပြောကြားသည်။**

အိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၆)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ကျောင်းအုပ်၊ ဒုတိယကျောင်းအုပ်နှင့် နည်းပြ ၁၆ဦး၊ အခြေခံ အင်ဂျင်နီယာ သင်တန်း အမှတ်စဉ်(၆)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ အင်ဂျင်နီယာ ၃၀၊ စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၁၈)နှင့် စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၃၁)သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနနှင့် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၅၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၃၂)သို့ စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသူ ၆၀ စုစုပေါင်း သင်တန်းသူ ၁၅၆ ဦး တက်ရောက်ကြသည်။

သင်တန်း ဖွင့်ပွဲအပြီးတွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်းသည် သင်တန်းသူများ၏ အိပ်ဆောင်၊ ထမင်းစားခန်း၊ စာသင်ခန်း၊ သင်တန်းကျောင်း၏ စိုက်ပျိုးရေးနှင့်သာယာလှပရေးဆောင်ရွက်ထားမှု တို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ရန်ကုန် မေ ၃၀**

ရန်ကုန်အရှေ့ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၃/၂၀၀၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၆ ရက်နံနက်၈နာရီက သင်္ဃန်းကျွန်းမြို့နယ် အထက(၂) သင်တန်းခန်းမ၌ ကျင်းပရာ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြအောင်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းဖွင့်ပွဲသို့ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ထွန်းနှင့် ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးအရာရှိများ၊ ခရိုင်အတွင်းရှိ ၁၄ မြို့နယ်မှ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် ဒုတိယဦးစီးမှူးများ၊ သင်တန်းမှူး၊ သင်တန်းဆရာများနှင့် သင်တန်းသား ၁၀၀ တက်ရောက်ပြီး သင်တန်းကာလမှာ မေ ၂၆ရက်မှ မေ ၂၂ရက်အထိ ရက်သတ္တ လေးပတ် ဖြစ်သည်။ **(ဝ၅၂)**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

**(၁) နံနက် (၁၀)နာရီမှ ညနေ (၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင်နေပါ။**

**(၂) နေပူထဲမှပြန်လာပြီး ချက်ချင်း ရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။**

**(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။**

**(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။**

**(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။**

**(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။**

**(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။**

**(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆား ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်ကို သောက်ပါ။**

**(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။**

**(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသောနေရာမျိုး၌ နားနေပါ။**

**(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကိုပြုလုပ်ပါ၊**

**(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**

# မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာ မင်းရွာ–ဇီးပင်ကြီး ကျေးလက်လမ်းအတွက် အလှူငွေပေးအပ်

**မင်းပြား မေ ၂၅**

မင်းပြားမြို့နယ်ဇီးပင်ကြီးကျေးရွာ မင်းရွာ–ဇီးပင်ကြီး ကျေးလက်လမ်း အတွက် မြန်မာနိုင်ငံသို့ခေတ္တရောက်ရှိ သီတင်းသုံးလျက်ရှိသော ဇီးပင်ကြီး ကျေးရွာ ဇာတိအိန္ဒိယနိုင်ငံ ကုသိနာရုံ မြန်မာကျောင်း ပြည်တွင်းပြည်ပ ကမ္ဘာ့ ဗုဒ္ဓသာသနာပြုဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဉာဏိဿရအား အမှူး ပြု၍ ရန်ကုန်မြို့အင်းလျားလမ်း အမှတ် ၉၁/အေ–၁ နေ ဒေါက်တာ ဦးအောင် ဝင်း–ဒေါ်ဥဥအောင် မိသားစုတို့က အလှူငွေကျပ်သိန်းငါးဆယ်ကို စစ်တွေ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံးတွင် မေ ၂၂ ရက်က လှူဒါန်းရာ ခရိုင်ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီးစံဌေးက လက်ခံရယူသည်။ **(အပေါ်ဝဲပုံ)**

ယင်းအခမ်းအနားသို့ စစ်တွေ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီခရိုင်ရုံး မြို့နယ်ရုံးဝန်ထမ်း များနှင့် အခြားဌာနဆိုင်ရာ တာဝန် ရှိသူများ တက်ရောက်ကြသည်။

ထို့အပြင် ကျေးလက်ဒေသတွင် အသုံးပြုရန်အတွက် ကျပ်နှစ်သိန်း တန် ဖိုးရှိ သန့်စင်ခွက်အလုံး ၁၀၀ကိုလည်း ယင်းအလှူရှင်က လှူဒါန်းကြသည်။ **(က–ပ)**

**မေ ၂၇ရက်က ရန်ကုန်တိုင်း လှိုင်မြို့နယ် မြနန္ဒာလမ်း မြနန္ဒာ အိမ်ရာ တိုက်အမှတ် ၈၊အခန်း ၈၀၁နေ ဦးသန်းစိုး–ဒေါ်လှလှဝင်း တို့၏သား မောင်ဥက္ကာမင်း၏ (၂)နှစ်မြောက် မွေးနေ့အဖြစ် သာကေတမြို့ မှန်ကန်ကင်း ပရိ ယတ္တိစာသင်တိုက်နှင့် အမှတ်(၇) ဘုန်းတော်ကြီးသင်ပညာရေး မိဘမဲ့ (ပရဟိတ)ကျောင်းတွင်တစ်နေ့တာ အာဟာရလှူဒါန်းခြင်းနှင့် ဗလာ စာအုပ် ဒါဇင် ၅၀နှင့် အထူး သင်္ကန်း၊သပိတ်၊ ဘောလ်ပင် ၁၀၀ တို့ကို ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကဝိန္ဒထံ ဆက်ကပ်လှူဒါန်း စဉ်။** (က–ပ)

# ကိုးပင်ကျေးရွာ အလှူရှင်စက်ရေတွင်းတူးဖော်

**သရက် မေ ၁၂**

သရက်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၃–၂၀၀၄ ဘဏ္ဍာရေး နှစ်အတွင်း ဆောင်ရွက်သည့် ကိုးပင်ကျေးရွာ(သတ္တမအကြိမ်)အလှူရှင်စက် ရေတွင်းတူးဖော်ဆောင်ရွက်ပြီးစီးမှုအား မတ် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးမျိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်မာမာဝင်းတို့က သွားရောက် စစ်ဆေးရာ အလှူရှင်စက်ရေတွင်းမှာ တစ်နာရီ ရေဂါလန် ၁၅၀၀ထွက်ရှိသဖြင့် ကိုးပင် ကျေးရွာအတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်စွာ သုံးစွဲနိုင်ပြီဟု သိရသည်။ **(မြို့နယ်စည်ပင်)**

# ပြည်နယ်/ တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ အောင်ပွဲရ မွန်ပြည်နယ်ဘောလုံးအသင်းအား ဂုဏ်ပြု

မော်လမြိုင် မေ ၁၇

**(၉)ကြိမ်မြောက် ပြည်နယ်/တိုင်းအမျိုးသမီးဘောလုံးပြိုင်ပွဲ အောင်ပွဲရ မွန်ပြည်နယ် အမျိုးသမီးဘောလုံးအသင်းအား ဂုဏ်ပြုပွဲ အခမ်းအနားကို မေ ၁၀ ရက်က မော်လမြိုင်မြို့ ငွေမိုးဟိုတယ်ခန်းမ၌ ကျင်းပသည်။**

ထို့နောက် မွန်ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဂုဏ်ပြု အမှာစကားပြောကြားသည်။

**လက်ခံရယူ**

ဆက်လက်၍ အောင်ပွဲရမွန်ပြည် နယ် အမျိုးသမီး ဘောလုံးအသင်းအုပ် ချုပ်သူနည်းပြ ဒေါ်မြသန်းက(၉)ကြိမ် မြောက် ပြည်နယ်/တိုင်း အမျိုးသမီး ဘောလုံး ပြိုင်ပွဲအတွေ့အကြုံများကို ရှင်းလင်း တင်ပြသည်။ ထို့နောက် မွန်ပြည်နယ် အားကစားနှင့် ကာယ ပညာ ကော်မတီဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှကတံခွန်စိုက်ဒိုင်း၊ အသန့်ရှင်းဆုံးဆု ဆင့်ပွားဒိုင်းများကို လွှဲပြောင်းပေးအပ်ရာ တိုင်းမှူးဗိုလ်ချုပ် သူရမြင့်အောင်က လက်ခံ ရယူသည်။

**မှတ်တမ်းလွှာပေးအပ်**

ဆက်လက်၍ အောင်ပွဲရ မွန် ပြည်နယ်အမျိုးသမီးဘောလုံးအသင်း အား ဌာနဆိုင်ရာများ၊ အလှူရှင်များက ဂုဏ်ပြုငွေသားဆု စုစုပေါင်း၁၈သိန်း အား ပေးအပ်ချီးမြှင့်ကြရာ မွန်ပြည် နယ်အားကစားအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြူ လှကလက်ခံရယူကာဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် မွန်ပြည်နယ်ဘောလုံး ဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်စာရင်း စစ်အရာရှိ ဒေါ်ခင်ခင်မျိုးက ကျေးဇူး တင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုပွဲ အခမ်းအနားအား ရုပ်သိမ်း လိုက်ကြောင်း သိရသည်။ **(၁၆၈)**

**မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာ သင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကို ဧပြီ ၁၂ ရက်က ကမမောင်းမြို့ ဗဟိုမဏ္ဍပ်၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးဆန်းနက်က မဟာ သင်္ကြန်မဏ္ဍပ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

## အကြိမ်(၁၀၀)မြောက်သွေးလှူဒါန်း

**ရန်ကုန် မေ ၃၀**

မြောက်ဥက္ကလာပမြို့ ၂ ရပ်ကွက် အမှတ်၃၂၊အာသာဝတီ ၁လမ်းနေ ဦးအေးကိုသည် မေ ၂၅ ရက်က မင်္ဂလာဗျူဟာအသင်းချုပ်၏ အကြိမ် (၇၀)မြောက် ဒါနဥပပါရမီသွေးလှူ ဒါန်းပွဲတွင် အကြိမ် ၁၀၀ မြောက် သွေးလှူဒါန်းသည်။ **(က–ပ)**

# နာရေးကူညီမှုအသင်းသို့ မြေနှင့်အဆောက်အအုံလှူဒါန်း

**ဘီးလင်း မေ ၈**

ဘီးလင်းမြို့ နာရေးကူညီမှုအသင်း သို့ မြေနှင့်အဆောက်အအုံလှူဒါန်းခဲ့ သော အလှူရှင်များအား ဂုဏ်ပြုလွှာ ပေးအပ်ပွဲအခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီက ဘီးလင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ဂုဏ်ပြုလွှာပေးအပ်**

ထို့နောက် အဘိုးအဘွားများအား ရည်စူး၍ အလှူရှင်မိခင်ဒေါ်နီ၊ သား ဦးစိုးသိန်း၊ သမီး ဒေါ်သန်းသန်းရွှေ (မြို့နယ် အား/ကာ ဦးစီးအရာရှိ၊ ဘီးလင်းမြို့)မိသားစုနှင့် နိဗ္ဗာန်ယာဉ် ကား ဂိုဒေါင်အလှူရှင် ဦးအောင်တင် ဦး–ဒေါ်သောင်းမြ(ခြသေ့်နှစ်ကောင် သစ်စက်) မိသားစုတို့အား မြို့နယ် ဥက္ကဋ္ဌ ဦးထွန်းဦး၊ နာယက ဦးကြည် သွင်၊ ဦးဟန်ကြူ၊ နာရေးကူညီမှု အသင်းဥက္ကဋ္ဌ ဦးကြီးညွန့်၊ အတွင်း ရေးမှူး ဦးမြဦးတို့က ဂုဏ်ပြု မှတ်တမ်း လွှာပေးအပ်ကြသည်။ **(ဝဲပုံ)**

**(မြို့နယ်ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**မတ် ၂၆ရက်က မအူပင်မြို့နယ် အိုင်းဝိုင်းကျေးရွာ ကျေးလက် ကျောက် ချောလမ်းဖွင့်ပွဲကျင်းပရာ တိုင်းစည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူးကြီး ဦးတင်အောင်ငွေ၊ ခရိုင်အသင်း အတွင်းရေးမှူး ဦးဝင်းနိုင်ကျော်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ်စည်ပင်)

# သက်ကြီးပူဇော်ပွဲ ကျောက်ဖြူခရိုင်တွင်ကျင်းပ

**ကျောက်ဖြူ မေ ၂၅**

ကျောက်ဖြူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးကြပ်၍ သက်ကြီးပူဇော်ပွဲအခမ်းအနားကို မေ ၁၇ရက် နံနက် ၈နာရီက သာသနာ့ ဗိမာန်တွင် ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးတင့်က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ကျောက်ဖြူမြို့ပေါ် (၁၀)ရပ်ကွက်မှ အသက် ၈၅နှစ်နှင့် အထက် အဘိုးအဘွား ၅၀ အား အခမ်းအနားတက်ရောက်လာသူများက လက်အုပ်ချီကန်တော့ပြီး လှူဖွယ်ပစ္စည်းများကို အဘိုးအဘွားများအား ပေးအပ် လှူဒါန်းကြသည်။ ထို့နောက် အဘိုးအဘွားများကိုယ်စား ရခိုင်ပိုက်ဆိပ် ရပ်ကွက်မှ အသက် ၉၃နှစ်ရှိ အဘိုးဦးမောင်လှအောင်က မေတ္တာပို့ဆုံးမဩဝါဒ မြွက်ကြားသည်။ ထို့နောက် ကျောက်ဖြူမြို့ခရိုင်ပြည်သူ့ဆေးရုံမှ ခရိုင် ဆရာဝန်ကြီး ဒေါက်တာထွန်းစံအောင်နှင့် ဆရာဝန်များက အဘိုးအဘွားများ အား ကျန်းမာရေးဆေးဝါး ပြုစုကုသပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

**မေ ၉ ရက်က ကရင် ပြည် နယ် မြဝတီခရိုင် ရဲတပ် ဖွဲ့မှူးရုံး၌တပ်ဖွဲ့ဝင် များနှင့် မိသားစု များအားနိုင်ငံသား စိစစ်ရေး ကတ်ပြား ပေးအပ်ပွဲ ကျင်းပရာ မြဝတီခရိုင်လူဝင်မှု ကြီး ကြပ် ရေး နှင့် အမျိုးသား မှတ်ပုံ တင်ရေး ဦးစီးဌာနမှူး ဒုတိယ ညွှန်ကြား ရေးမှူး ဦးစိုးပိုင်မြင့် က မြဝတီခရိုင် ရဲ တပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးတင်မြင့်အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။** (က–ပ)

# ကျေးလက်ဖွံ့ဖြိုးရေး ကြီးကြပ်ဆောင်ရွက်

**ဖားကန့် မေ ၁၅**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် တွင် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း များ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ နမ့်မော်ကျေးရွာ (တံတားကြီး)ကြဲခိုင် မှုနှင့် ရေစီးရေလာကောင်းမွန်မှုရှိ မရှိကို မေ ၄ ရက်က အဆိုပါကျေးရွာရှိ တံတားကြီးသို့ ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးကျော်ဇေယျနှင့် အင်ဂျင် နီယာအဖွဲ့ သွားရောက်၍ ကွင်းဆင်း စစ်ဆေး ဆောင်ရွက်ကြသည်။ **(က–ပ)**

# ဆယ့်နှစ်ရာသီအချစ်

VCD KARAOKE

Rဇာနည် ဖြိုးကြီး အနဂ္ဂ ဟိန်းဇော် ကျော်သူစိုး
ဇောညီညီ အောင်ကောင်းထက် မိုးမိုး
ငယ်ငယ် ယုဇန မေဇယ်ညီ ခမ်းဆိုင်

Music : Ko Aye Soe & Mg Mg Latt
Studio : Tower

၂-၅-၂၀၀၄ နေ့ ဒုံးစင်တာ ပထမထပ်တွင်
ညနေ ၄ နာရီမှ ၆ နာရီထိ ဝယ်ယူအားပေးသည့်
ပရိသတ်များကို ဆယ့်နှစ်ရာသီအချစ် တေးသံရှင်များမှ
အမှတ်တရ လက်မှတ်များ ထိုးပေးပါမည်။

၂.၅.၂၀၀၄ ထွက်ပြီ


# ငွေရတုအကြို (၂၄)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် ချစ်မေမေဒေါ်ကြူကြူလှ တို့၏ ၁-၅-၂၀၀၄ ရက်တွင် ကျရောက်သည့် ငွေရတုအကြို (၂၄)နှစ်မြောက် မင်္ဂလာ ရက်မြတ်မှသည် ငွေရတု၊ ရွှေရတု၊ စိန်ရတုတိုင်အောင် ချစ်သားသမီး များနှင့်အတူ အောင်မြင်သောဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေ။

ချစ်သမီးကြီး – **ခင်သီရိသက်မွန်**
ချစ်သားငယ် – **အောင်ပြည့်စုံ**
ကူးကူး – **သံသာပုလဲသွယ်**
ကစ်ကစ် – **မြတ်သူရိန်ဦး**

# မွေးနေ့မင်္ဂလာဆုတောင်း

[illegible]

# ဘဏ်ပိတ်ရက် ကြော်ငြာ

လွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၀၄ခုနှစ် မေ ၃ရက် တနင်္လာနေ့သည် ကဆုန်လပြည့်နေ့ အများပြည်သူအလုပ်ပိတ်ရက် ဖြစ်ပါသဖြင့် ၎င်းနေ့တွင် ဘဏ်အားလုံး ပိတ်ထားလိမ့်မည်ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်။**

# မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ

ရန်ကုန်ဆိပ်ကမ်းတံတားများ၊ ကုန်သိုလှောင်ရုံများနှင့် ချလန်ရုံးတို့ကို ၂၀၀၄ခုနှစ် မေ၁ရက်(ကမ္ဘာ့အလုပ်သမားနေ့)နှင့် မေ ၃ရက်(ကဆုန်လပြည့်နေ့) တို့တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်၊ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။



[illegible]

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန
## (ရန်ကုန်စီးပွားရေးတက္ကသိုလ်)

ရန်ကုန်စီးပွားရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၏ အစီအစဉ်ဖြင့် အောက်ပါ သင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) Diploma in Development Studies (Dip.DS) [၉ လသင်တန်း]
(ခ) Diploma in Business Studies (DBS) [၉ လသင်တန်း]
(ဂ) Diploma in Management Accounting (DMAc) [၉ လသင်တန်း]
(ဃ) Diploma in Financial Accounting (DFAc) [၉ လသင်တန်း]
(င) Certificate in Advanced Business Studies (CABS) [၃ လသင်တန်း]
(စ) Certificate in Business Studies (CBS) [၃ လသင်တန်း]
(ဆ) Certificate in Agriculture & Rural Development (CARD) [၃ လသင်တန်း]

၁။ (က) Dip. DS သင်တန်းအတွက် တက္ကသိုလ် တစ်ခုခုမှဘွဲ့ရရှိထားသူဖြစ်ရမည်။
(ခ) DBS, DMAc & DFAc သင်တန်းများအတွက် စီးပွားရေးတက္ကသိုလ်မှ ပေးသောဘွဲ့ရများ နှင့် ဒီပလိုမာများ၊B.A(Eco), BM, CABSလက်မှတ်ရများ၊ DA, LCCI Level III(CAA) လက်မှတ်ရထားသူများဖြစ်ရမည်။
(ဂ) CBS& CARD သင်တန်းတို့အတွက် အခြေခံပညာအထက်တန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်(သို့) တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မူရင်းနှင့် မိတ္တူ ပါရှိရမည်။
(ဃ) CABSသင်တန်းအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူ ဖြစ်ရမည်။ CBS လက်မှတ်ရများလည်း လျှောက်ထားနိုင်သည်။ (လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက သီးခြားစဉ်းစားမည်။)

၂။ လျှောက်လွှာစတင်ရောင်းချမည့်နေ့/လက်ခံမည့်နေ့ – ၆-၅-၂၀၀၄(ကြာသပတေး)
၃။ လက်ခံလျှောက်လွှာပိတ်ရက် – ၁၉-၅-၂၀၀၄(ဗုဒ္ဓဟူးနေ့)
၄။ သင်တန်းစမည့်နေ့ – ၂၀-၅-၂၀၀၄(ကြာသပတေးနေ့)
၅။ လျှောက်လွှာရောင်းချ/လက်ခံမည့်နေရာ – ရန်ကုန်စီးပွားရေးတက္ကသိုလ်(ပင်မ)
၆။ အသေးစိတ်သိရှိလိုပါက ဖုန်း–၅၉၁၄၁၅၊ ၅၉၁၄၁၆၊ ၅၃၆၄၃၃၊ ၅၃၆၄၃၄၊ ၆၆၂၅၁၅ တို့တွင် စုံစမ်းနိုင်သည်။
၇။ သင်တန်းသားဦးရေကန့်သတ်ထားသည်။

**(တင်အောင်)**
**မော်ကွန်းထိန်းအဆင့်(၁)**

# အများသိစေရန်ကြေညာချက်

[illegible]

# ဒေါ်မြင့်တင်
## မိုးကုတ်ယောဂီ
## (စလင်းကျောင်းတိုက်/ကြည့်မြင်တိုင်)
## အသက်(၇၆)နှစ်

ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၂၇ရပ်ကွက် ဆရာစံလမ်းမ၊ ပိတောက်ရိပ်မွန်အိမ်ရာ တိုက်(၂)၊အခန်း ၃၀၂နေ (ဒုတိယ ဗိုလ်မှူးကြီး တင်မောင် ဝင်း)၏ ဇနီး၊ မောင်အောင်မှိုးဦး–မစိုးစိုးထွန်း(ပေါက်ပေါက်)၊ မောင်ဇော်မိုးအောင်–မသွယ်သွယ်နုအေး(ဘိုမ)၊ မောင်သက်ဇင်လင်း (ဘိုဘို)–မငွေဇာဖြူ၊ မောင်အောင်ကျော်ဆွေ (မျိုးဦး)၊ မောင်အောင်မျိုးသက်(တီလုန်း)–မနီလာရှိန်၊ မောင်သိန်းတိုး–မဆွေတင်ဖြိုး(ဇာဇာ)၊ မောင်ရဲထက်အောင်–မမြတ်သူဇာချို(ချိုချို)၊ မောင်ဇော်လတ်၊ မောင်ထွန်းအောင်ကျော်၊ မောင်သန်းထိုက်ဇော်တို့၏ ဘွားဘွား၊ မောင်ဉာဏ်မင်းထူး၊ ဝေယံကျော်၊ သားသားလေးနှင့် မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီး သည် ၂၀-၄-၂၀၀၄ရက် နံနက် ၉နာရီ တွင် ကွယ်~~လွန်သွားပါသည်~~။

ဘွားဘွားကြီးအတွက် ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှ အတန်း ပေးဝေပါသည်။ သာဓု အနုမောဒနာ ခေါ်ဆိုပါ။ မြင့်မြတ်သော ဘုံဘဝသို့ရောက်ပါစေ။

# ကျေးဇူးဆပ်ပါမည်

ကျွန်မ မသင်းသင်းနွယ် Business Passport No.209960 ၊သားဆီဆာနေဝင်း မသလ No.18516နှင့် ပညာနေဝင်း မသလ No.18515တို့မှာ ရန်ကုန်မြို့လမ်း ၃၀ အထက် ဘလောက်တွင် ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

**ဆက်သွယ်ရန်လိပ်စာ**
**ဖုန်း–၆၆၂၉၅၅**
**၀၉ ၅၀၂၇၉၈**

# အများသိစေရန် ကြော်ငြာခြင်း

ဦးခင်မောင်ဆွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/မဂတ(နိုင်)၀၃၀၃၃၀ ကိုင်ဆောင်သူနှင့် ဒေါ်သိန်းသိန်းအေး နိုင်ငံသားစိစစ်ရေးကတ်အမှတ် ၁၂/ဥကမ(နိုင်)၀၄၅၁၉၆ ကိုင်ဆောင်သူတို့သည် ၈-၈-၂၀၀၃ ရက်တွင် တာမွေမြို့နယ် တရားရုံး၌ တရားဝင် နှစ်ဦးသဘောတူ ကွာရှင်း ပြတ်စဲပြီးဖြစ်ပါသဖြင့် ယင်းနေ့မှစ၍ ဒေါ်သိန်းသိန်းအေးနှင့်ပတ်သက်သည့် မည်သည့်အကြောင်းကိစ္စများကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးခင်မောင်ဆွေ**
**၁၂/မဂတ(နိုင်)၀၃၀၃၃၀**
**အမှတ် ၂၆(လေးလွှာ)၊ ၈၈ လမ်း၊**
**ကန်တော်ကလေး၊ ရန်ကုန်မြို့။**

# ပညာရေးဝန်ကြီးဌာန
## အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန
## ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန အမျိုးသားလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ အောက်ဖော်ပြပါ ဒီပလိုမာသင်တန်းများကို ဖွင့်လှစ်ပို့ချမည်ဖြစ်သဖြင့် သတ်မှတ်သည့် အရည်အချင်းပြည့်စုံသူများအချိန်မီလျှောက်ထားနိုင်ကြောင်းကြေညာပါသည်။

| စဉ် | ဒီပလိုမာသင်တန်းအမည် |
|---|---|
| ၁။ | Diploma in Software Engineering အမှတ်စဉ်(၁၇) |
| ၂။ | Diploma in Network Engineering အမှတ်စဉ်(၁၂) |
| ၃ | Diploma in Hardware Engineering အမှတ်စဉ်(၁၂) |

၂။ လျှောက်ထားရန်လိုအပ်သည့် အရည်အချင်းများ
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်(သို့) အခြေခံပညာအထက်တန်းအဆင့် သင်ယူပြီးမြောက်ခြင်း လက်မှတ်ရရှိထားသူဖြစ်ရမည်။ **(လက်မှတ်မူရင်းနှင့် မိတ္တူပူးတွဲတင်ပြရန်)**

၃။ အသေးစိတ်အချက်အလက်များကို အမျိုးသားလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန၊ ရာစုသစ်အရင်းအမြစ်ဖွံ့ဖြိုးမှုဌာန၊ ဗိုလ်တထောင်ဘုရားလမ်း(ကုန်သည်လမ်းနှင့် ကမ်းနားလမ်းကြား) ဗိုလ်တထောင်မြို့နယ်၊ ဖုန်း–၂၉၁၉၁၃ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

၄။ လျှောက်လွှာလက်ခံမည့်အစီအစဉ်–
(က) **လျှောက်လွှာစတင်လက်ခံမည့်နေ့ရက်နှင့် လျှောက်လွှာပိတ်မည့်နေ့ရက်**
Diploma in Hardware Engineering
၄-၅-၂၀၀၄ ရက်မှ ၁၃-၅-၂၀၀၄ ရက်နေ့ထိ

**(အတွင်းရေးမှူး)**

# ကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊အမှတ် (၅၁)ရပ်ကွက် မြဝတီမင်းကြီး (၂)လမ်း၊ အိမ်အမှတ် ၁၁၉၆နေ (အဘ) ဦးလှသောင်း၏ သားဖြစ်သူ ဦးကျော်ခင် (ကေ/အာရ်ဂျီအင်န်–၀၂၉၅၆၆)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်ဖြစ်သူမှနေ၍ ဒေါ်စီစီဖြိုး (အယ်လ်ပီအေ–၀၀၅၈၆၈) သို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည် ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

**ဦးမြင့်အောင်**
**အထက်တန်းရှေ့နေ**
**စဉ်–၂၂၃၀**

# အမည်ပြောင်း

အဖ ဦးအင်စိုး၏သားဖြစ်သူ မြိတ်မြို့ အထက(၄) စတုတ္ထတန်း (A)မှ မောင်မင်းခန့်သူအား မောင်ကောင်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ကောင်းခန့်။**

# အမည်ပြောင်း

အမှတ် ၁၉ ကျောင်းကြီးလမ်း ကြည့်မြင်တိုင်နေ ဦးစိုးငြိမ်း–ဒေါ်ခင်သန်းဦးတို့၏သား ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း ပဥ္စမတန်း(ဇ)မှ မောင်သူနိုင်စိုးအား ယနေ့မှစ၍ မောင်သွင်ထူးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သွင်ထူးအောင်။**



## နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်း

ကျွန်တော် **မောင်ထွန်းဦး** ၇/ပခန(နိုင်)၁၄၅၆၂၀ နှင့် ကျွန်မ **မနီလာအေး** ၇/ပခန(နိုင်)၁၄၀၁၆၈ တို့သည် ဧပြီ ၁၉ ရက်တွင် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ဒုတိယမြို့နယ်တရားသူကြီး ဦးလှဦး၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြား လက်မှတ်ရေးထိုး ပြီးစီးပါကြောင်း။

**မောင်ထွန်းဦး-မနီလာအေး။**

## ငှားမည်

Junction 8 ကိုးလွှာငှားမည်။

## ကားငှားရန်

ခရီးစဉ်မျိုးစုံအတွက်
Air Con Mini Bus နှင့်
Saloon မျိုးစုံ
နှစ်ချုပ်၊လချုပ်ငှားရန်ရှိသည်။
အကျိုးတူပူးပေါင်းလိုသော
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။
**ဖုန်း- ၅၂၄၆၈၆၊ ၀၉-၈၀-၂၄၀၄၄**



## ရောင်းချရန်ကြော်ငြာစာ

**တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၆**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၀၄ခုနှစ် တရားမဇာရီမှုအမှတ် - ၂၈**

| | | |
|---|---|---|
| သမဝါယမဘဏ်လီမိတက်(၎င်းကိုယ်စား ဦးစန်းမောင်- ဒုတိယမန်နေဂျာ) | **နှင့်** | ဒေါ်မြရှိန် အမှတ်-၃၉၉၊ သုမာလာ ၉ လမ်း အမှတ် ၂ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| **(တရားလို)** | | **(တရားရှုံး)** |

ရန်ကုန် အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၅၀/၂၀၀၃အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ ခုနှစ်၊ မေလ ၃၁ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

### လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်က တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူ အရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့်စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၄ခုနှစ် ဧပြီလ ၂၂ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

**ခင်မောင်၊ တ/၁၅၃၀**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ် ၃၉၉(က)၊ ဧရိယာအလျား ပေ၂၀ x အနံ ပေ၆၀ စတုရန်းပေ ၂၄၀၀ ရှိ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် ၂ရပ်ကွက် သုမာလာ ၉လမ်း အမှတ် ၃၉၉ ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံ။

## ရေကူးသင်တန်း

**သင်တန်းစမည့်နေ့**
**၄-၅-၂၀၀၄**
တက္ကသိုလ်များ ရေကူးကန်၊
သထုံလမ်း၊ ဖုန်း-၅၁၃၁၀၉

## ဖခင်အမည်မှန်

အင်းစိန်အထက(၁)ဆဋ္ဌမတန်း(E) တွင် ပညာသင်ကြားနေသော မောင်ကျော်မြင့်ဦး၏ ဖခင်အမည်မှန်မှာ သန်းခေါင်စာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအရ ဦးစောရောနယ် ဖြစ်ပါသည်။ **ဦးစောရောနယ်**




## (၁)နှစ်ပြည့် လွမ်းဆွတ်ကုသိုလ် အမျှဝေခြင်း

**၁-၅-၂၀၀၃**

**ချစ်သမီးလေး မစိန်ပုံ(ခ)ဇင်မာအောင်ကြည်**

**(ဒုတိယနှစ် ဥပဒေ၊ မုံရွာတက္ကသိုလ်)**

ဖေဖေ မေမေ ကိုကိုတို့ မိသားစုမေတ္တာရိပ်မှ သမီးလေးခွဲသွားတာ (၁)နှစ်ပြည့်သော်လည်း သမီးလေးကို နေ့စဉ်သတိရ တမ်းတလျက်ပါ။ သမီး ကွယ်လွန်ပြီး လစဉ်လတိုင်းပြုလုပ်သော ကုသိုလ်၊ (၆)လပြည့် ရွှေတိဂုံဘုရားတွင် ပြုလုပ်သောကုသိုလ်၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာ၊ ကျောက်တော်ကြီးဘုရား၊ ဇီဝိတဒါနသံဃာ့ဆေးရုံ၊ ဇလွန်ပြည်တော်ပြန်ဘုရားနှင့် (၁)နှစ်ပြည့် လှူဒါန်းသော ကုသိုလ်တို့ကို သမီးလေးအား အမျှပေးဝေပါ၏။

သမီးရေ အမျှ-အမျှ-အမျှ။

**ဖေဖေ - ဦးအောင်ကြည်**
**(တရားရုံးချုပ်ရှေ့နေ)**
**မေမေ - ဒေါ်ခင်သန်းအေး**
**(မြို့နယ်ဥပဒေအရာရှိ၊မင်္ဂလာဒုံမြို့နယ်)**
**ကိုကို - ဗိုလ်ဖြိုးအောင်ကြည်(ရန်ကုန်)**

## အမြန်မြေရောင်းမည်

တောင်ဥက္ကလာပ၊(၇)ရပ်ကွက်
သုမင်္ဂလာ လမ်းမကြီးပေါ်
နန္ဒဝန်ဈေးအနီး၊
ပေ၂၀ x ပေ၆၀
နှစ်(၆၀)ဂရန်မြေ။
ဖုန်း-၅၆၂၁၀၂

## ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်း ကိုမျိုးမင်းထွဋ်(Chemistry) ၂၇-၄-၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မောင်မောင်ဦး၊ အောင်ဘုန်း၊ မျိုးမြင့်ထွန်း**
**တင်နွယ်နွယ်၊ မျိုးမျိုးအောင်၊ သိန်းမောင်**

**ရဟန်း၊ ကျောင်း အမကြီး**
## ဒေါ်ခင်ရီ (ကျိုက်လတ်)
**အသက်(၈၄)နှစ်**

ကျိုက်လတ်မြို့နေ (အမျိုးသားကျောင်းဆရာကြီး ဦးဘကျော်-ဒေါ်ဒီ)တို့၏သမီး၊ (ဦးသာဘော်-ဒေါ်ကျော့)တို့၏သမီးချွေးမ၊ ခ/၄၁၊ ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘညွန့်-စာရေးဆရာ မောင်စည်သူ)၏ဇနီး၊ (ဦးလှဦး-ဒေါ်ခင်ခင်)၏ညီမ၊ ဦးမျိုးညွန့်-ဒေါ်တင်ညို၊ ဒေါ်သန်းနှစ်တို့၏အစ်မကြီး၊ ဦးစိုးမြင့်(ပဒေသာစားသောက်ဆိုင်လုပ်ငန်း)-ဒေါ်ခင်အေးမူ၊ ဦးခင်ဇော်-ဒေါ်သိန်းသိန်းမြင့်၊ ဦးခင်မော်-ဒေါ်ကေသီညွန့်၊ ဒေါ်မိမိခင်၊ ဦးငွေနိုင်-ဒေါ်မြင့်မြင့်သန်း၊ ဒေါက်တာမြင့်စော-ဒေါ်အေးအေးစု၊ ဦးရေမွန်ကြည်စိုး-ဒေါ်ဖြူဖြူတို့၏မိခင်၊ မမေသက်နိုင်၊ မရွှေအိန်နှင်း၊ မောင်ဇေယျာစိုး၊ မောင်နေထူး၊ မအေးမြသူ၊ မောင်ကျော်စည်သူ၊ မကျော့မေခိုင်-မောင်ငွေးလှိုင်ဝင်းတို့၏အဘွား ဒေါ်ခင်ရီသည် USA စံတော်ချိန် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့) ည ၁၁:၅၅ နာရီတွင် USA Losangles မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၀၄ရက် (စနေနေ့) ညနေ ၃ နာရီတွင် Losangles မြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

## ဦးကောင်းညွန့် B.Sc (Hons.), M.Sc
**အဖွဲ့ဝင်၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**
**ပါမောက္ခချုပ်(ငြိမ်း)၊ ဒဂုံတက္ကသိုလ်**
**အသက်(၆၉)နှစ်**

မန္တလေးတိုင်း၊အမရပူရမြို့နယ်၊လိပ်ဆံခွန်ရွာနေ(ဦးစက်ရုံ-ဒေါ်သိန်းချို)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်-ဒေါ်ထွေး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တိုက် ၁၅၊ အခန်း B၊ ပြည်ထောင်စုရိပ်သာ၊ ဒဂုံ မြို့နယ်နေ ဒေါ်ခင်ခင်ညွန့်၏ခင်ပွန်း၊ (ဒေါ်သန်းဆွေ၊ မြန်မာစာပါမောက္ခ-ငြိမ်း)၏မောင်၊ လိပ်ဆံခွန်ရွာနေ ဒေါ်ချစ်တင်၏မောင်၊ တိုက် ၁၄၊ အခန်း(B)၊ ဦးဝိစာရရိပ်သာနေ ဦးမြင့်ဟန်-ဒေါ်စမ်းစမ်းညွန့်၊ ဦးသန်းစည်၊ ဒေါ်နုနုအေးတို့၏အစ်ကို၊ ဦးကိုကိုသန့်-ဒေါ်ခိုင်ခိုင်ညွန့်၊ ဒေါ်မြိုင်မြိုင်ညွန့်၊ (ဦးကောင်းမြတ်ညွန့်)တို့၏ ဖခင်သည် ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၃:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးဥတ္တမသီရိ (ခ) ဦးအောင်ညွန့် (တောင်ငူ)
**(အောင်ရေဒီယို)**
**သက်တော်(၇၃)နှစ်၊သိက္ခာတော်(၁၅)ဝါ**

မော်လမြိုင်မြို့၊ ဒိုင်းဝန်ကွင်းရပ်နေ (ဦးရွှေဝင်း-ဒေါ်ရင်ရင်)တို့၏ သား၊ ရန်ကုန်မြို့၊ အမှတ် ၁၅၈၊ ဗိုလ်ဆွန်ပက်လမ်းနေ ဒေါ်မို့မို့(တိုးနိုင်တေးသံသွင်း)၊ မမိုးပုလဲအောင်၊ မောင်စိုးမိုးဝင်းအောင်၊ ဒေါ်မြညွန့်(ခ)ဒေါ်အမာတို့၏ ဖခင်၊ တောင်ငူမြို့၊ စွယ်တော်ကုန်း မိုးကုတ်ဝိပဿနာရိပ်သာနှင့် ရန်ကုန်မြို့ ရေဦးကျောင်းတိုက်တွင် သီတင်းသုံးတော်မူသော ဦးဥတ္တမသီရိ(ခ)ဦးအောင်ညွန့်သည် ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂:၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၁-၅-၂၀၀၄ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**
## ဦးကောဝိဒ
**(ဦးပဥ္စင်းကြီး ဦးကျော်ငြိမ်း)**
**သက်တော်(၈၃)နှစ်၊ သိက္ခာတော်(၈)ဝါ**

မိုးကုတ်မြို့အနောက်ပိုင်း၊ ကသဲအနောက်ကျောင်းဆရာတော်ကြီး ဘဒ္ဒန္တစန္ဒရံသီ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)၏ညီတော်၊ ကသဲကျောင်းဆောင်ကျောင်းတွင် သီတင်းသုံးနေထိုင်တော်မူသော ဦးကောဝိဒ(ဦးပဥ္စင်းကြီး ဦးကျော်ငြိမ်း)သည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၁ ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်အား ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၁၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် တောင်မြင့်သုသာန်၌ အန္တိမအဂ္ဂိစျာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ရဟန်းဒါယကာ၊ဒါယိကာမများ။

---

## ဝမ်းနည်းကြေကွဲခြင်း

မိတ္ထီလာမြို့နေ အပြုံးလေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးစန်းမောင် ၂၆-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ အပြုံးလေးတို့မိသားစု ခံစားကြေကွဲရသလို ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အစ်ကိုကြီး ဗိုလ်မှူးချုပ်ခင်မောင်၊**
**အစ်မ ဒေါ်အေးအေးချိုနှင့်**
**ရခိုင်ပြည်နယ်ကျောက်တော်မှာအတူနေခဲ့ကြသည့်**
**မောင်ညီမများအားလုံး။**

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**
## သိက္ခာတော်ရဆရာ စောထွန်းဂုဏ်ကြီး
**သင်းအုပ်ဆရာ၊ရန်ကုန်မြို့မအသင်းတော်နှင့်ကျေးဇူးတော်မြတ်အသင်းတော်နာယကဆရာတော်၊**
**မြန်မာနိုင်ငံခရစ်ယာန်မျက်မမြင်များမိတ်သဟာယဥက္ကဋ္ဌ၊**
**အမျိုးသားချင်းထောက်ပံ့သည့်**
**ကရင်နှစ်ခြင်းခရစ်ယာန်သာသနာပြုအသင်း**
**အသက်(၈၁)နှစ်**

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ ဦးအောင်ကျော်လမ်း၊ အမှတ် ၆ နေ (စောသာစို-နော်ရွှေတင်)တို့၏သားကြီး၊ (ဂျဲမဂ္ဂီသန်း)၏ခင်ပွန်း၊ (သူနာပြုဆရာမကြီး နော်နှင်းကြည်)၊ စောကျော်အုံး-နော်ရီးနာဇင်း၊ (နော်မြ-မန်းမြမောင်)၊ စောစိန်ထွန်းကျော်-နော်မရီးနာတို့၏အစ်ကိုကြီး၊ နော်အဲန်ဂျလင်းနာကြီး(UNICEF)၊ စောကျော်ခိုင်ထွန်း-နော်မြမြတို့၏ဖခင်၊ နော်လွယ်မူးဖော (Linfield College)၊ နော်ဒေးမူးဖော (BARS Final Year, Myanmar Institute of Theology)တို့၏အဘိုးသည် ၃၀-၄-၂၀၀၄ရက် ၁း၁၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ကျမ်းစာစာသင်ကျောင်းဝင်း၌ ဖူးသာဖြူအောက်မေ့ဖွယ်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမ**
## ဒေါ်နွယ်နွယ်မြင့် (ညောင်တုန်း)
**အသက်(၆၂)နှစ်**

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၂၈ (တတိယထပ်)၊ ၂၄ လမ်းနေ (ဗိုလ်ကြီးထွန်းရီ)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးညိုစော-ဒေါ်စမ်းစမ်းအေး (အကောက်ခွန်)၊ ဦးဆုတင်-ဒေါ်စိုးစိုးရီ၊ ဒေါ်မိုးမိုးရီ၊ ဦးစံလင်းသိန်း-ဒေါ်သူဇာထွေး(ရပ်ရှင်သရုပ်ဆောင် မေသဥ္ဇာဦး)၊ မကေသီနွယ်၊ ကိုရန်ကင်း-မသန္တာသီဂီတို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဝမ်းနည်းကြေကွဲခြင်း
## ဆရာကြီး ဦးကောင်းညွန့်
**အဖွဲ့ဝင်၊ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့**
**ပါမောက္ခချုပ်(ငြိမ်း)၊ ဒဂုံတက္ကသိုလ်**

ဒဂုံတက္ကသိုလ်၏ ပထမဦးဆုံး ပါမောက္ခချုပ်အဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သော ချစ်ခင်လေးစားရပါသည့် ဆရာကြီး ဦးကောင်းညွန့်သည် ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ပါမောက္ခချုပ်**
**ဆရာ၊ဆရာမများနှင့်ဝန်ထမ်းများ**
**ဒဂုံတက္ကသိုလ်။**

---

## ဦးမြင့်သိန်းဦး
**R.O (CDC-12892)**
**အသက်(၄၉)နှစ်**

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မာရုံလမ်းမကြီး၊ အမှတ် ၄၉၃ နေ ဒေါ်အေးမြင့်၏သားကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်နေ ဦးရွှေလွန်း-ဒေါ်ကြင်လှတို့၏သားသမက်၊ ပဲခူးမြို့၊ ဘုရားကြီးကျေးရွာနေ ဦးကြည်-ဒေါ်ညွန့်ရွှေတို့၏တူ၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ကိုဇော်ဝင်း-မတိုးလွင်၊ ကိုလှထွန်း၊ မခင်ဆွေဝင်း၊ ကိုမျိုးဇော်လင်း၊ ကိုမျိုးဇော်မင်း၊ ဗိုလ်မှူးအောင်ဆွေမြင့်-ဒေါ်ဝင်းဝင်းမြင့်၊ ဗိုလ်မှူးသိန်းထိုက်ဦး-ဒေါ်သန်းသန်းဝေ၊ ကိုအောင်ထွေးမြင့်-မဝင်းဝင်းသန်းတို့၏အစ်ကို၊ မမေဇွန်သန်း(တတိယတန်း-H. TTC)၏ဖခင်၊ ဒေါ်သန်းသန်းရွှေ(အလက-၃၊ မင်္ဂလာဒုံ)၏ခင်ပွန်းသည် ၃၀-၄-၂၀၀၄ရက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

၆-၅-၂၀၀၄ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

---

## ဆရာမကြီးဒေါ်နှင်းယဉ်
**(ကျောက်ဖြူ)**
**(ရန်ကုန်ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်)**
**အင်္ဂလိပ်စာဌာန(ငြိမ်း)**
**အသက်(၉၂)နှစ်**

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၊ နှင်းဆီဆောင်နေ (ဦးမောင်မောင်-ဒေါ်မမကြီး)တို့၏သမီး၊ (ဦးလှထွန်း)(နယ်မြေ အင်ဂျင်နီယာဌာန၊ ရန်ကုန်တက္ကသိုလ်၊ ငြိမ်း)၏ဇနီး၊ ဦးတင်ဖေ-ဒေါ်ဖွားမေတို့၏အစ်မ၊ ဗိုလ်မှူးသီလ(လေ-ငြိမ်း)၊ဒေါ်ခင်ဆွေလှ၊ ဦးနေထွန်း(EO) - ဒေါ်ခင်သန့်စင် (တွဲဖက်ပါမောက္ခ၊ UDE)၊ ဦးရဲထွန်း(ရေယာဉ်မှူး၊ မွေး/ရေ၊ ငြိမ်း)-ဒေါ်ခင်မေသန်း၊ ဒေါ်ခင်မေလှ(ပါမောက္ခဌာနမှူး၊ဝါဏိဇ္ဇဗေဒဌာန)(အဆောင်မှူး၊နှင်းဆီဆောင်)၊ ဒေါက်တာဝင်းထွန်း - ဒေါက်တာလှိုင်လှိုင်အေး (အဖွဲ့ခေါင်းဆောင်၊ ခရံကျူ၊ ကလတ၊ တ/၃)၊ (ဦးကျော်ထွန်း)-ဒေါ်တင်တင်ငွေး[မော်ကွန်းထိန်း(၂)၊ ယဉ်ကျေးမှုတက္ကသိုလ်]တို့၏မိခင်၊ မြေး ၁၀၊ မြစ်တစ်ယောက်တို့၏ဘွားဘွားကြီးသည် ၂၉-၄-၂၀၀၄ရက်(ကြာသပတေးနေ့) ညနေ ၄း၄၅ နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နှင်းဆီဆောင်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါ်ခင်သန်း
**အသက်(၇၁)နှစ်**

ခြံအမှတ် ၇၂၊ နတ်မောက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးစံမြင့်(အငြိမ်းစား၊ ကုန်သွယ်/လယ်ယာ၊ မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားဟောင်း)၏ ဇနီး၊ [ဦးမောင်မောင် (ခ) ကာစင်မိုဟာမက်စူရတီ]-(ဒေါ်ခင်ကြည်)တို့၏သမီးကြီး၊ ဦးကျော်ဇင် - ဒေါ်တင်တင်ဝင်းတို့၏ အစ်မ၊ ဒုအရာခံဗိုလ်ဇော်မင်းအောင် (မြန်မာ့လက်ရွေးစင်လက်ဝှေ့သမားဟောင်း၊ တပ်မတော်-ရေ) - ဒေါ်ကေသွယ်ခိုင် (ကညန၊ရုံးချုပ်)၊အရာခံဗိုလ်ကျော်မင်း-(မြန်မာ့လက်ရွေးစင် လက်ဝှေ့သမားဟောင်း၊ တပ်မတော်-ရေ၊ လက်ဝှေ့နည်းပြ)၊ မောင်စိုးမင်းတို့၏မိခင်သည် ၂၄-၄-၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄ရက်တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

---

## ဦးလီဟုန်ယူ (အလုံ)
**(Lee Hong Yu)**
**အသက်(၈၉)နှစ်**

(ဦးလီရန်လင်း-ဒေါ်ထောင်ချွန်အွန်)တို့၏သား၊ ရန်ကုန်တိုင်း၊အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၅၈(ဘီ-၂)နေ ဒေါ်ချင်ထွေးကြည်၏ခင်ပွန်း၊ မလီငုတ်လင်၊ ကိုလီဖတ်ဟိန်-မမြင့်မြင့်ရီ၊ ကိုလီဖတ်ချန်၊ မလီလင်လင်(ခ)မလိန်းလိန်း(လိန်းလိန်း လှရိပ်မြုံ)၊ မလွေလင်(ခ)မလီလီလင်တို့၏ဖခင်၊မလီမီးဟွာ(Lori Lee)၊ မောင်လီဟောင်ခိုင်(William Lee)တို့၏အဘိုးသည် ၂၈-၄-၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)နံနက်တွင်ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး**
## ဒေါ်အုန်းညွန့် (ကန်တော်ကလေး)
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ကန်တော်ကလေး၊ ၈၉ လမ်း၊ အမှတ် ၂၃ နေ (ဦးဘိုးရင်-ဒေါ်ဒွန်း)တို့၏သမီး၊ (ဦးချစ်တင်-ဒေါ်အေးညွန့်)တို့၏ညီမ၊ (ဦးသိန်းမောင်-ဒေါ်ခင်ညွန့်)တို့၏အစ်မ၊ ဦးသောင်းတင်-ဒေါ်ခင်သန်းနွဲ့၊ ဦးလှမြင့်-ဒေါ်မြင့်ရီ၊ ဒေါ်ခင်မာကြည်၊ (ဦးကျော်စိန်)-ဒေါ်ခင်အုန်းရီ၊ (ဦးသိန်းညွန့်)၊ ဦးကျော်ဇော-ဒေါ်သိန်းသိန်းဆင့်၊ ဦးစိုးဝင်းထွန်း-ဒေါ်သန်းသန်းအေး၊ ဦးစန်းဖေ-ဒေါ်လှလှသိန်း၊ ဒေါ်နွယ်နွယ်၊ (ဦးချစ်ကိုကို)-ဒေါ်ရီရီနွဲ့တို့၏ ကြီးမေကြီး၊ မြေး ၂၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၃၀-၄-၂၀၀၄ရက်(သောကြာနေ့) ညနေ ၅း၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄ နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းလွဲ ၂း၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ရဟန်း၊ကျောင်းအမကြီး**
## ဒေါ်ခင်ရီ (ကျိုက်လတ်)
**အသက်(၈၄)နှစ်**

ကျိုက်လတ်မြို့နေ(အမျိုးသားကျောင်းဆရာကြီးဦးဘကျော်-ဒေါ်ဒီ)တို့၏သမီး၊ (ဦးသာဘော်-ဒေါ်ကျော့)တို့၏ သမီးချွေးမ၊ ခ/၄၁၊ ဘုရင့်နောင်လမ်း၊ ကျောက်ရေတွင်းရပ်ကွက်၊ မရမ်းကုန်းမြို့နယ်နေ (ဦးဘညွန့်-စာရေးဆရာ မောင်စည်သူ)၏ဇနီး၊ (ဦးလှဦး-ဒေါ်ခင်ခင်)၏ညီမ၊ ဦးမျိုးညွန့်-ဒေါ်တင်ညို၊ ဒေါ်သန်းနှစ်တို့၏ အစ်မကြီး၊ ဦးကျော်သိန်း-ဒေါ်စန်းစန်းရီ၊ ဦးမောင်မောင်ကြီး-ဒေါ်မြမြမူ၊ ဦးဇေယျ-ဒေါ်မြမြဝင်း၊ (ဦးသန်းငွေး)-ဒေါ်လှရီ၊ ဦးမျိုးဇော်-ဒေါ်သန္တာ၊ (ဦးအောင်သိန်းစိုး)-ဒေါ်သီတာ၊(ဦးတင်စော-ဒေါ်ဝင်းဝင်းဦး)၊ ဦးထိုက်အောင်-ဒေါ်သင်းသင်းဦး၊ ဒေါ်အေးသန်းတို့၏ကြီးကြီး ဒေါ်ခင်ရီသည် USA စံတော်ချိန် ၂၇-၄-၂၀၀၄ရက် (အင်္ဂါနေ့)ည ၁၁:၅၅ နာရီတွင် USA Losangles မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၀၄ရက် (စနေနေ့) ညနေ ၃နာရီတွင် Losangles မြို့၌ သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

**ရဟန်းအမကြီး**
## ဒေါ်မမလေး (ချောင်းဦး)
**အသက်(၈၀)**

ချောင်းဦးမြို့(ဦးဘိုးခင်-ဒေါ်ဖွားမြိုင်)တို့၏သမီး၊ ချောင်းဦးမြို့(ဦးဘအေး-ဒေါ်ရွှေစု)တို့၏သမီးချွေးမ၊ ရန်ကုန်တိုင်း၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၁၈၊ အခန်း ၆၊ ၁၂ လုံးတန်းနေ ဦးထင်ဇော် (အထက-၁၊ သာကေတကျောင်းအုပ်ကြီးဟောင်း)၏ဇနီး၊ (ဦးကံထူး) ဒေါ်နုနု(MEIS၊ ငြိမ်း)၊ဒေါ်ဝင်း(စီးပွား/ကူးသန်း)-ဦးစိန်ဝင်း (စာရင်းစစ်ချုပ်ရုံး၊ ငြိမ်း)၊ ဒေါ်မြင့်မြင့် (တောင်ပိုင်းခရိုင် လျှပ်စစ်ရုံး)-(ဦးသန်းယု)၊ ဒေါ်ခင်မျိုးအောင် (ပါမောက္ခ၊ စိတ်ပညာဌာန၊ တောင်ကြီးတက္ကသိုလ်)၊ ဒေါ်ခင်မျိုးဆွေ (အာမခံ) - ဦးအောင်မင်း(MEC)၊ ဒေါ်ခင်မျိုးဝေ၊ (ဦးစိန်မြင့်)၊ ဦးမြင့်စိုး (Neptank)တို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ၂၉-၄-၂၀၀၄ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါက်တာချစ်ကိုကို
**မူးယစ်ဆေးစွဲနှင့်စိတ်ပိုင်းဆိုင်ရာ**
**အထူးကုဆရာဝန်ကြီး**
**အသက်(၅၀)**

ရန်ကုန်မြို့နေ ဦးလှဖေ-ဒေါ်မြရွှေတို့၏သား၊ တိုက်အမှတ် ၂၆/၁၊ အခန်းအမှတ် ၀၀၁၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးကျော်သန်း-ဒေါ်ရီတို့၏သားသမက်၊ (ဒေါ်မြစိန်)၊ ဦးခင်ဖေ၊ ဦးတင်ဖေ၊ ဒေါ်သန်းနွဲ့၊ ဦးကြည်ဖေ-ဒေါ်ခင်မြတ်၊ ဦးရင်ဖေ၊ ဦးခင်မောင်ရီ၊ ဦးခင်မောင်ဖြူတို့၏ညီ/မောင်၊ ဦးမြတ်ဦး-ဒေါ်ဝင်းဝင်းသန်းတို့၏အစ်ကို၊ တိုက်အမှတ် ၂၆/၃၊ အခန်းအမှတ် ၁၀၃၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ရီရီသန်း၏ခင်ပွန်း၊ မခိုင်ကိုကို၊ မောင်ကောင်းကိုကိုတို့၏ ဖခင်သည် ၃၀-၄-၂၀၀၄ရက်(သောကြာနေ့)နံနက် ၁၀း၄၅ နာရီတွင် မော်တင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ရဟန်းအမ**
## ဒေါ်ကြည်မြ
**အသက်(၅၉)နှစ်**

ကြံခင်းမြို့၊ ရွာသစ်ရပ်၊ ဘုရားကြီးလမ်းနေ (ဦးသန်းမောင်-ဒေါ်ပန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃)ရပ်ကွက်၊ မာန်ပြေအရှေ့ ၁၀ လမ်း၊ အမှတ် ၄၃၃ နေ အရာခံဗိုလ်လှိုင်ဆွေ (တပ်မတော်-ရေ၊ ငြိမ်း)၏ဇနီး၊ ဦးစိုးဝင်း(မြို့နယ်မြေစာရင်းဦးစီးမှူး၊ ကျိုင်းတုံမြို့)-ဒေါ်မိမိချို(အလက-၂၊သာကေတ)၊ ဦးတင်မောင်ချို (ကြံခင်း ဘိလပ်မြေစက်ရုံ)-ဒေါ်မျိုးမျိုးဝင်း၊ ဦးရဲချို(မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်း)၊ ဒေါ်ခင်မာချို(မြန်မာ့အသံနှင့် ရုပ်မြင်သံကြား)၊ ဒေါ်သန္တာထွေး (ဗိုလ်တထောင်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး)တို့၏မိခင်၊ မအိဖြူစင်၏အဘွားသည် ၂၉-၄-၂၀၀၄ ရက် (ကြာသပတေးနေ့) ညနေ ၆း၂၅ နာရီတွင် မော်တင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄ရက် ညနေ ၅ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ရဲတပ်ကြပ်ကြီးစိုးစိုးဝင်း
**(ဒေါပုံမြို့နယ်ရဲတပ်ဖွဲ့စခန်း)**
**အသက်(၄၅)နှစ်**

ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၈)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ် ၁၃၂ နေ ဦးတင်ရွှေ-ဒေါ်တင်ရွှေတို့၏သား၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ မြရတနာလမ်း၊ အမှတ် ၁၂၃၁ နေ (ဦးတိုးလှိုင်)-ဒေါ်မြသိန်းတို့၏ သားသမက်၊ ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့စခန်းဝင်းနေ ဒေါ်ရီရီလှိုင်၏ခင်ပွန်း၊ မောင်မျိုးသန့်၊ မဝတ်ရည်စိုးတို့၏ဖခင်သည် ၃၀-၄-၂၀၀၄ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ဖြစ်ပါမည်။ (ဒေါပုံ ရဲစခန်းရှေ့မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ရဟန်းဒါယကာကြီး**
## ဦးပန်းမြ (ဒလမြို့)
**အသက်(၉၂)နှစ်**

ဒလမြို့၊ လယ်ကိုင်း ပရိယတ္တိစာသင်တိုက် ဆရာတော် ဦးအာဒိစ္စဝံသအား အမှူးထား၍ ဦးကျော်ဝင်း၊ ဦးရဲအေး၊ ဒေါ်ထားရင်၊ ဒေါ်ထားတင်တို့၏အစ်ကို၊ ဒလမြို့၊ မြို့မ(၂)ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် ၃၆ နေ ဒေါ်ထားခင်၏ခင်ပွန်း၊ ဦးထွဏ်း-ဒေါ်ခင်ဆွေမြင့်၊ ဦးအောင်မြင့်-(ဒေါ်ရင်မြ)၊ ဦးဘုန်းကျော်-ဒေါ်စိန်စိန်၊ ဦးဘုန်းမော်-ဒေါ်ခင်ဝင်းမြင့်၊ ဒေါ်မြင့်မြင့်စိန်၊ ဦးဘုန်းဇော်-ဒေါ်လှလှအေး၊ ဦးဘုန်းနိုင်၊ ဦးဘုန်းပိုင်-(ဒေါ်ဝင်း)၊(ဦးဘုန်းကြွယ်)၊ဦးတင်ဝင်း-ဒေါ်ခင်ထွေးယု၊ ဦးခင်မောင်ကြူ-ဒေါ်ခင်နှင်းရီ၊ ဦးအောင်မျိုး-ဒေါ်စုစုထွေးတို့၏ဖခင်ကြီး၊ မြေး ၂၅ ယောက်တို့၏ အဘိုး၊ မြစ် ၁၃ ယောက်တို့၏ ဘိုးဘိုးကြီးသည် ၃၀-၄-၂၀၀၄ရက်(သောကြာနေ့) ၈း၄၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် သပြေကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

## ဦးအေးချို
**ဒုလ/ထညွှန်ကြားရေးမှူး(ငြိမ်း)စစစ**
**(တောင်တွင်းကြီး)**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၀၊ သစ္စာလမ်း၊ မင်္ဂလာတောင်ညွန့်နေ (ဦးဘဆင်-ဒေါ်ခင်ရှု)တို့၏သားကြီး၊ (ဦးဖိုးဖေ-ဒေါ်ချစ်မေ)တို့၏သားသမက်၊ ဦးဝမ်းဖေ-ဒေါ်ခင်အိ(ဦးဖေသန်း)-ဒေါ်တင်မြတို့၏အစ်ကိုကြီး၊မန္တလေးမြို့၊စိတ္တရမဟီရပ်၊ ပြည်တော်သာ တိုက်အမှတ် ၂၃၊ အခန်း ၂ နေ ဒေါ်မြင့်ကြိုင်၏ခင်ပွန်း၊ ဒေါ်စမ်းစမ်းမူ(တိုင်း/သမ)၊ ဦးသိန်းထူး(မန်း-စည်ပင်)-ဒေါ်ရီရီသန့်၊ ဦးဝင်းထူး(နယ်လှည့်စာရင်းစစ်အရာရှိ၊ မိတ္ထီလာ)-ဒေါ်မြင့်ခင်ဦး (တပ်စာရင်းကိုင်)၊ ဦးတင်ထူးအောင်တို့၏ဖခင်၊မြေးလေးယောက်တို့၏အဘိုးသည် ၂၉-၄-၂၀၀၄ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၀၄ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

## ဒေါ်နှင်းကြွ (တလိုင်းကန်)
**အသက်(၉၃)နှစ်**

ကျောက်ပန်းတောင်းမြို့နယ်၊တလိုင်းကန်ကျေးရွာနေ ဦးသန်းမောင် - ဒေါ်ရီ၊ တကကစန်းလွင်(ငြိမ်း) - ဒေါ်တင်တင်ဝင်း၊ (ဦးကြည်အောင်)-ဒေါ်ဖွားမြိုင်၊ ဦးကျော်ဝင်း-ဒေါ်တင်ဆွေ၊ ဦးကျော်ငြိမ်း-ဒေါ်ဖွားဆိုင်၊ ဦးကျော်မင်း-ဒေါ်အမာစိန်၊ မအုံးမြိုင်တို့၏မိခင်၊ မြေး ၃၀ယောက်တို့၏အဘွား၊မြစ်၁၀ယောက်တို့၏ ဘွားဘွားကြီးသည် တလိုင်းကန်ကျေးရွာ နေအိမ်၌ ၂၉-၄-၂၀၀၄ ရက် ည ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၅-၂၀၀၄ရက် ညနေတွင် တလိုင်းကန်ကျေးရွာ သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

**သတင်းထောက် ဦးသောင်းညွန့်**
**နာယက မြို့နယ်စာပေနှင့်**
**စာနယ်ဇင်းအဖွဲ့(မုံရွာ)**
**(ချင်းတွင်းဂျာနယ်၊**
**ပုံပမာ ဓာတ်ပုံလုပ်ငန်း)**
**အသက်(၇၁)နှစ်**

မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ဒေါ်မယ်လမ်းနေ ဒေါ်ခင်ဝင်းမြင့်၏ခင်ပွန်း၊ မပုံမီတွယ်ဝင်းသောင်း(မဟာသိပ္ပံဒုတိယနှစ်၊သချာ်)၊မောင်ဟိန်းထက်ဝင်းသောင်း၊ မောင်စိုးထက်ဝင်းသောင်း(Final Part II, တပ်မတော်ဆေးတက္ကသိုလ်)တို့၏ ဖခင်သည် ၂၉-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄ရက် (စနေနေ့) ညနေ ၄ နာရီတွင် ဆားကျင်းသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ရဟန်း၊တန်ဆောင်း၊တံတိုင်း ဒါယိကာမကြီး**
## ဒေါ်ရင်ကြိုင် (မြောင်းတကာ)
**အသက်(၆၇)နှစ်**

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ မြောင်းတကာ၊ အမှတ်(၄)ရပ်ကွက်နေ (ဦးထွန်းဖေ-ဒေါ်စောမှုင်)တို့၏သမီး၊ (ဦးဝင်းမောင်)၏ဇနီး၊ ကိုနိုင်ဝင်း၊ ကိုသန်းဇော်ဝင်း(Delta Combine Co.,Ltd.)-မမာလာဝင်း(အလက-၁၊ လှိုင်)၊ ကိုခင်မောင်ဝင်းတို့၏မိခင်၊ မောင်ဟိန်းထက်ဇော်၊ မောင်အေးချမ်းဇော်တို့၏ဘွားဘွားသည် ၃၀-၄-၂၀၀၄ရက်(သောကြာနေ့) နံနက် ၉း၃၇ နာရီတွင် ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ မြောင်းတကာသုသာန်သို့ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

---

## ဗိုလ်မှူးသောင်းတင် (ရေ-ငြိမ်း)
**OTS (၃၃)**
**ဒု-အထွေထွေမန်နေဂျာ(ငြိမ်း)**
**ပြည်တွင်းရေကြောင်းပို့ဆောင်ရေး**
**(ဒေးဒရဲ)**
**အသက်(၆၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ တိုက်အမှတ် အမ်တီ-၁၁၊ အခန်းအမှတ် ၂၀၂၊ သုဒဿနလမ်း၊ သုမင်္ဂလာအိမ်ရာနေ (ဦးထွန်း-ဒေါ်တင့်)တို့၏ သား၊ (ဦးစိုးရ-ဒေါ်စောတင့်)တို့၏ သားသမက်၊ ဒေါ်ခင်လေး (အေးမေတ္တာကုမ္ပဏီ)၏ခင်ပွန်း၊ဒေါက်တာတင်အောင်မိုး-ဒေါက်တာကဥ္စနာထွန်း၊ ဒေါက်တာတင်အောင်စိုး-ဒေါက်တာခင်မျိုးသွယ်၊ ကိုမောင်ငွေး-မတင်မီမီသက်၊ ကိုဝင်းမောင်မောင် - မတင်မော်မော်သက်၊ ကိုတင်အောင်မျိုးတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၃၀-၄-၂၀၀၄ရက် (သောကြာနေ့)တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) ညနေ ၄း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါ်မြသက်
**အသက်(၆၃)နှစ်**

ကျောက်ပန်းတောင်းမြို့နေ(ဦးဖြူတုတ်-ဒေါ်ပိုးမျှင်)တို့၏သမီး၊ ၁၅-စီ၊ ၁၆၂ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဖေစိုး၊ ဒေါ်အေးမြင့်တို့၏ညီမ၊ ကျောက်ပန်းတောင်းမြို့နေ ဦးဝင်းတင်၊ ဒေါ်ညွန့်တင်တို့၏အစ်မ၊ ကိုသန်းလေးထွန်း-မမြင့်မြင့်ရီ၊ ကိုအောင်စိုးမြင့်(MDIC Co.)-မဖြူဖြူ၊ ကိုအောင်စိုးမင်း-မမာမာဝင်းသူ၊ မဝါဝါစိုး- ကိုဆန်းထွန်း(တက်နေကုမ္ပဏီ)၊ ကိုသန်းမင်းအောင်(MITT) - မအေးအေးဝင်း၊ ကိုတင်အောင်(MHT., Co.)-မမြတ်မြတ်စိုး၊ မမေသွယ်စိုး(ဟိုတယ်/ခရီး)၊ မမေသန္တာစိုး(ကကင္ဂွေ)၊ မအိသူဇာစိုး(Traders Hotel)၊ မအိစန္ဒာစိုး၊ ကိုအောင်ကိုကိုဝင်း-မလှလှမိုး၊ ကိုဖြိုးမောင်မောင်ဝင်းတို့၏အဒေါ်၊ မြေး ၁၃ ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၀၄ရက် နံနက် ၈ နာရီတွင် တာမွေမြို့နယ်နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

---

**ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး**
## ဒေါ်မြင့်မြင့် (ကြို့ပင်ကောက်)
**အသက်(၈၁)နှစ်**

(ဦးစံ-ဒေါ်အုံးစိန်)တို့၏သမီး၊ရန်ကုန်မြို့၊ တိုက် ၁၄၊ အခန်း ၁၊ ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ပြည်ရိပ်မွန်အိမ်ရာနေ (ဦးမောင်ကြီး)၏ညီမ၊ (ဦးအေးကို)၊ (ဒေါ်ဝင်းကြည်)တို့၏အစ်မ၊ ဦးဖိုးကျော်-ဒေါ်ရွှေစင်ဦးတို့၏မိခင်၊ မောင်ခန့်ဇော်နိုင်၏အဘွားသည် ၃၀-၄-၂၀၀၄ရက် နံနက် ၆ နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါ်ခင်နွဲ့ရီ(ခ)ချိုင်အွန်ခြူး
**အသက်(၆၆)နှစ်**

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အမှတ် ၅၉-၁ (ခ)နေ (ဦးစုလျှံ-ဒေါ်ရောအင်)တို့၏ သမီး၊ ဦးကြည်(ခ)ရော်ကျုံဂုက်၏ဇနီး၊ ကိုခင်မောင်ဆွေ-မအေးရီ၊ မောင်ကြည်လှိုင်-မမြမြဝင်း၊ မလှကြည်၊ မတင်အောင်၊ မလှလှရီ(ခ)ချစ်ချစ်၊ မောင်စန်းယုတင်တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၃၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂-၅-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

## ဒေါ်တင်ဝင်း
**(ရွာသစ်၊မုရစ်ကလေးရွာ၊ ဘီလူးကျွန်း)**
**အသက်(၅၁)နှစ်**

ဘီလူးကျွန်း၊ မုရစ်ကလေးရွာ၊ ရွာသစ်နေ ဦးစံထွန်း-ဒေါ်သန်းခင်တို့၏သမီးကြီး၊ မုရစ်ကလေးရွာနေ ဦးစံထိန်-(ဒေါ်ခင်ညွန့်)တို့၏သမီးချွေးမ၊ အမှတ် ၂၁၂၊ အရှေ့မင်းလမ်း၊ သန်လျင်တံတားအိမ်ရာဝင်း၊ သာကေတမြို့နယ်နေ ဦးအောင်စိုးညွန့် (ဆရာမွေ့)၏ ဇနီး၊ မောင်မျိုးဦး၊ မောင်စိုးထွန်းအောင်၊ မအိသက်မွန်တို့၏မိခင်သည် ၂၉-၄-၂၀၀၄ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါ၍ ၁-၅-၂၀၀၄ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

---

**ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ် မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။**
**R. 488**

# အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အားလက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၃၀

**အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms.Carroll C.Long အား ယနေ့ ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် အရွယ်မရောက်သေးသောကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြင့်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**အရွယ်မရောက်သေးသောကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Ms. Carroll C.Long အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဖေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)**



## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ရွှေခင်းစုံညီမြန်မာပြည် ဓာတ်ပုံပြိုင်ပွဲဆုချီးမြှင့်မည်

ရန်ကုန် ဧပြီ ၃၀

ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနက ကြီးမှူးကျင်းပခဲ့သည့် 'ရွှေခင်းစုံညီ မြန်မာပြည်' ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ မေ ၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဆုရ ဓာတ်ပုံပညာရှင်များသည် မေ ၆ ရက် နောက်ဆုံးထား၍ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန စီမံရေးနှင့်ဘဏ္ဍာရေးဌာနခွဲသို့ ဆက်သွယ် သတင်းပို့ကြရန်နှင့် ဆုပေးပွဲအခမ်းအနားသို့ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(သတင်းစဉ်)**

**ယနေ့ထုတ်ခောင်ရေ**

**၁၉၉၉၄၉**

## အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ခင်း

**မြိတ်မြို့တွင် အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ခင်းကို တစ်မျှော်တစ်ခေါ် တွေ့ရစဉ်။ (သတင်း-ရွှေဖုံး)**

**ဓာတ်ပုံ-ထွေးကြည် (မြန်မာ့အလင်း)**



# အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီစည်းဝေး လုပ်ငန်းကော်မတီဥက္ကဋ္ဌတရားသူကြီးချုပ်ဦးအောင်တိုးအမှာစကားပြောကြား

ရန်ကုန် ဧပြီ ၃၀

**အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ(၂/၂၀၀၄)ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကွင်းစခန်းရှိ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**စုံညီစွာတက်ရောက်**

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ အတွင်းရေးမှူး ဦးသောင်းညွှန့်၊ တွဲဖက်အတွင်းရေးမှူး(၁) ဦးခင်မောင်မြင့်၊ တွဲဖက်အတွင်းရေးမှူး(၂) ဒေါက်တာသောင်းမြင့်နှင့် လုပ်ငန်းကော်မတီဝင်များ စုံညီစွာတက်ရောက်ကြသည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကား ပြောကြားသည်။

***စာမျက်နှာ ၁၃ ကော်လံ ၁ ✻***